# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (4-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၈၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြား






**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ(၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစားအမြောက်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် သွေးစည်းညီညွတ်မှု

မြန်မာနိုင်ငံ၏သမိုင်းကြောင်းကိုပြန်ကြည့်လျှင် တိုင်းရင်းသားသွေးချင်းညီနောင်များ အချင်းချင်း ချစ်ကြည်စည်းလုံးမှုတည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာပြီး နိုင်ငံသည်လည်း စည်ပင်သာယာဝပြောခဲ့သည်။ တိုင်းရင်းသားသွေးချင်းညီနောင်များ အကြောင်းအမျိုးမျိုးကြောင့် ချစ်ကြည်စည်းလုံးမှုလျော့ပါးသည့်ကာလများတွင် နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးကာ သူ့ကျွန်ဘဝသို့ပါ ရင်နင့်ဖွယ်ကျရောက်ခဲ့ရပါသည်။ သူ့ကျွန်ဘဝတွင်လည်း နယ်ချဲ့တို့ကသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုလျော့ပါးကာ ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲခဲ့ရပြီး ကျွန်သက်ရှည်ကြာခဲ့ရသည်မှာလည်း သမိုင်းသင်ခန်းစာတစ်ခုပင်ဖြစ်ပါသည်။

ဆုံးရှုံးခဲ့ရသော နိုင်ငံ့လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် တိုင်းရင်းသားပြည်သူများသည် တပ်မတော်နှင့်လက်တွဲကာ အသက်၊ သွေး၊ ချွေးပေါင်းများစွာပေး၍ ခက်ခဲပင်ပန်းစွာရင်ဆိုင်ကြိုးပမ်းခဲ့ရသည်။ ထိုသို့ကြိုးပမ်းရာတွင် အရေးကြီးလျှင်သွေးနီးဟူသည့်အတိုင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ကြသည်။ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့်မြေပြန့် တပေါင်းတစည်းတည်းလွတ်လပ်ရေးရယူရန် သန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့၌ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ထိုသို့ တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကိုသက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီ ၁၂ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်ဂုဏ်ပြုသတ်မှတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် (၇၇)နှစ်တိုင် ခိုင်ခိုင်မာမာရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အတိတ်ကာလ သူ့ကျွန်ဘဝမှ လွတ်လပ်ရေးရရှိခဲ့သည်မှာလည်း တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်သည်သာ အရင်းခံဖြစ်သကဲ့သို့ အနာဂတ်တွင်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာ အေးအတူ ပူအမျှ မှီတင်းနေထိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ သွေးစည်းညီညွတ်မှုတို့ အစဉ်ထာဝရကိန်းအောင်းတည်တံ့စေရေးသည် အသက်တမျှအရေးကြီးလှသည်။ နိုင်ငံအတွင်း တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ တည်ငြိမ်မှု၊ မငြိမ်းချမ်းမှုစသည့် ကောင်းကျိုး ဆိုးပြစ်အားလုံးသည် တိုင်းရင်းသားသွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ် ခေါ် သွေးစည်းညီညွတ်မှုအပေါ်တွင် အခြေတည်နေသောကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်စေရန် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံကျလှပါသည်။

ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ ပြည်သူအားလုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်စွာရပ်တည်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီနောင်များအားလုံးက ကျရာကဏ္ဍအသီးသီးမှ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းညီညီဝိုင်းဝန်းဖော်ဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၃၅၉၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာ ရွှေသက်နှင်းကပ်လှူသူတွေ၊ ပန်းကပ်သူတွေ၊ ရေသပ္ပာယ်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက ပြတိုက်က သမိုင်းဝင်ပြခန်းတွေကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်တွေသွားပြီး ငါးစာ၊ လိပ်စာတွေ ကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေဆို ဘုရားဖူးဦးရေပိုများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၃၂၅၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၄၆၂ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၁၆၈၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဇန်နဝါရီလတွင် ကုန်စည်တင်ပို့သည့် ရေယာဉ် ၆၈ စီးရှိခဲ့

**မန္တလေး ဖေဖော်ဝါရီ ၃**

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဇန်နဝါရီလတွင် ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၆၈ စီး ရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်ရေနည်းချိန်ကာလဖြစ်သော်လည်း ရေလမ်းကြောင်း ကောင်းလျက်ရှိကြောင်း၊ ရေလမ်းကြောင်းကောင်းမွန်သည့်အပြင် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ဆား၊ ကျောက်မီးသွေးနှင့် အခြားကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားမြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည် တင်ဆောင်ပြေးဆွဲနေတဲ့ရေယာဉ်တွေအနေနဲ့ ကုန်တင်ချိန်အများကြီး တင်ဆောင်သွားလာတာမျိုး မလုပ်ကြဖို့လိုပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဇန်နဝါရီလအတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ကျောက်မီးသွေးတန်ချိန် ၁၃၂၀၊ ကုန်မျိုးစုံ အိတ်လုံးရေ ၃၈၀၊ ဆား ၈၂၅ တန်၊ မြေဆီတန်ချိန် ၅၀၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၁၆၁ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၃၀၀ စင်တီမီတာ၊ ရွှေကူမြို့တွင် ၁၇၆ စင်တီမီတာ၊ ကသာမြို့တွင် ၂၁၉ စင်တီမီတာ၊ မန္တလေးမြို့တွင် ၂၅၄ စင်တီမီတာထိရှိကြောင်း သိရသည်။ (၁၈၄)

# ပြည်ပကဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း ကုလားပဲ (929) အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၃**

ပြည်ပကဝယ်ယူမှု များပြားသဖြင့် မန္တလေးဈေးကွက်အတွင်း ကုလားပဲ (929) အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုအများဆုံးနှင့် အရောင်းအဝယ်အကောင်းဆုံး ကုလားပဲအမျိုးအစားများထဲတွင် ကုလားပဲ (929)မှာလည်း အရောင်းအဝယ်ကောင်းမွန်သည့်အမျိုးအစားတစ်ခုဖြစ်ကြောင်း၊ ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ကုလားပဲ (929)ကို ကုန်သည်များကဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲ အခုလတ်တလော ကုလားပဲ (929) တွေကို ကုန်သည်တွေအကြိုက်တွေ့နေကြပြီး အဝယ်လိုက်နေတယ်။ အရင်က အရောင်းအဝယ်အေးနေခဲ့တဲ့ ကုလားပဲ (929)က ဈေးကွက်ထဲမှာ အခုအရောင်းအဝယ် တော်တော်လေးပြန်ပြီး ကောင်းလာတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဖေဖော်ဝါရီ ၂ ရက် ပေါက်ဈေးအရ ကုလားပဲ(929) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ကုလားပဲ(929)တွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ကုန်စည်လက်ကျန်ရှားပါးတယ်။ ကုန်စည်လက်ကျန်လုံးဝပြတ်သွားတာမျိုးတော့ မရှိပါဘူး။ ကုန်စည်လက်ကျန်ရှားလာတဲ့အတွက် နောက်ပိုင်း ကုလားပဲ(929)တွေ ဒီထက်ပိုပြီး ဈေးကောင်းရလာနိုင်တယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မြန်အောင် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆန်နီချောင်ကျေးရွာအုပ်စု ဆန်နီချောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အဖွဲ့ဝင်များနှင့်အတူ ဆန်နီချောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာ၌ အရှည်ပေ ၂၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ်သိန်း ၆၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် သြဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဓိဝိတဒါနသံဃာ့ဆေးရုံကြီး သီလရှင်ဆောင်ကြီးကြပ်ရေးအမျိုးသမီးဆပ်ကော်မတီအလှူရှင်အဖွဲ့က လစဉ်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဗန်းမောက်မြို့နယ်မှာ နေကြာ ၁၃၃၅ ဧကစိုက်ပျိုးဖို့ လျာထားတာ အခုလက်ရှိ ဧကအားလုံး စိုက်ပျိုးပြီးပါပြီ။ ရာသီဥတုကောင်းမွန်တော့ နေကြာတိုးချဲ့စိုက်နိုင်မဲ့အနေအထားမှာရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ဗန်းမောက်မြို့နယ်တွင် ဆောင်းနေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ တောင်သူမှ တောင်သူမျိုးစေ့များဖလှယ်ခြင်း၊ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိုင်းဆတ်မြို့နယ် မယ်နှင်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဆတ် ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်နှင်ကျေးရွာအုပ်စု မယ်နှင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် တာဝန်ရှိသူများက မယ်နှင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မယ်နှင်ကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၇၀ အသုံးပြုကာ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# ညောင်ဦးမြို့နယ် ယမ်းစမ်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမ်းစမ်းကျေးရွာအုပ်စု ယမ်းစမ်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ယမ်းစမ်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၇ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁ ဒသမ ၂၅ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ငွေကြေးဖောင်းပွချိန်တွင် စီးပွားရေးမကျဆင်းအောင် ဆောင်ရွက်သင့်သောနည်းလမ်းများ

**ငွေကြေးဖောင်းပွခြင်း(Inflation)**

ငွေကြေးဖောင်းပွခြင်းကို လူတိုင်းလိုလို သိရှိကြမည်ဖြစ်သည်။ လက်ဝယ်ရှိငွေဖြင့် ကုန်ပစ္စည်းအနည်းငယ်သာဝယ်ယူရရှိခြင်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို ယခင်ဈေးနှုန်းထက် ပိုမိုပေးရခြင်းမျိုးကို ငွေကြေးဖောင်းပွသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ ဥပမာ-လက်ဝယ်ရှိငွေကြေး ငွေကျပ် ၁၀၀၀ ဖြင့် ဆန်တစ်ပြည်ကို ဝယ်ယူရရှိခဲ့သော်လည်း ယခုအလားတူ ဆန်တစ်ပြည်ကို ငွေကျပ် ၁၅၀၀ ပေးရလျှင် ဆန်တစ်ပြည်၏တန်ဖိုး တက်သွားခြင်းဖြစ်ပြီး ငွေကျပ် ၁၀၀၀ ဖြင့်ဆိုပါက ဆန်တစ်ပြည်ဝယ်၍မရဘဲ ဆန်နို့ဆီဘူး ငါးဘူးကျော်သာ ရရှိတော့မည်ဖြစ်သည်။ ထို့ကြောင့် တန်ဖိုးတူငွေကြေးတစ်ခုဖြင့် ယခင်က ကုန်ပစ္စည်းသုံးမျိုး ဝယ်ယူရရှိခဲ့သော်လည်း ယခုအခါ ကုန်ပစ္စည်းတစ်မျိုးသာ ဝယ်ယူရရှိသည်ဆိုပါက ငွေကြေး ဖောင်းပွသည်ဟုဆိုနိုင်သည်။ တစ်နည်းအားဖြင့် ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းကို ငွေကြေးဖောင်းပွခြင်းဟုလည်းယူဆကြသည်။ သို့ရာတွင် ကုန်ပစ္စည်းတိုင်းသည် တစ်ပြေးညီမြင့်တက်ခြင်းမျိုးမဟုတ်ပေ။ သို့ရာတွင် စီးပွားရေးလုပ်ငန်းအသီးသီးနှင့်ငွေကြေးလည်ပတ်မှုသည်ဆက်စပ်နေသဖြင့် အချိန်တစ်ခုအတွင်းတွင် တဖြည်းဖြည်းချင်း ရေပြင်ပမာညီသွားတတ်သည်။

ငွေကြေးဖောင်းပွမှုကို စားသုံးသူဈေးဆကိန်း (Consumer Price Index-CPI)ဖြင့် တိုင်းတာတတ်သည်။ ငွေကြေးဖောင်းပွရခြင်းအကြောင်းသည် နှစ်မျိုးရှိသည်။ ဝယ်လိုအားမြင့်တက်သဖြင့် ဝယ်လိုအား၏ဆွဲခေါ်မှုအရ ငွေကြေးဖောင်းပွခြင်း(Demand-pulled Inflation)နှင့် ကုန်ကျစရိတ်က တွန်းတင်သည့် ငွေကြေးဖောင်းပွခြင်း (Cost-pushed Inflation) ဟူ၍ဖြစ်သည်။ နားလည်ထားသည်မှာ ကုန်ထုတ်လုပ်မှုမြင့်တက်လာသဖြင့် ငွေကြေးလည်ပတ်မှုမြင့်တက်လာကာ ကုန်ပစ္စည်းဝယ်လိုအားများပြီး ကုန်ဈေးနှုန်းသည် ဖြည်းဖြည်းချင်းမြင့်တက်လာတတ်သည်။ ထိုသို့ဖြစ်သည်ကို Demand-pulled Inflation ဟု ခေါ်တတ်ပြီး စီးပွားရေးကောင်းမွန်နေချိန်များတွင်လည်း မြင်တွေ့ရတတ်သည်။ လုပ်ခတန်ဖိုးမြင့်တက်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းများ တန်ဖိုးမြင့်တက်ခြင်းကြောင့် ကုန်ဈေးနှုန်းများမြင့်တက်ခြင်းကို Cost-pushed Inflation ဟု ခေါ်တတ်ကြသည်။

**ဝင်ငွေသဘာဝ**

ဝင်ငွေဆိုသည်မှာ ကုန်ပစ္စည်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုတန်ဖိုး စသည့်ငွေကြေးများဖြစ်ကြသည်။ အဆိုပါဝင်ငွေရရာလမ်းများမှာ အမျိုးမျိုးရှိကြသည်။ အခြေခံအားဖြင့် ငွေကြေးကို ရင်းနှီးမြှုပ်နှံပြီးရရှိသောဝင်ငွေနှင့် လူသားအရင်းအမြစ်ကို အခြေခံသည့်ဉာဏနှင့် ကာယကျွမ်းကျင်မှုကို အခြေခံသည့် ဝင်ငွေတို့ဖြစ်သည်။ ဝင်ငွေရှာဖွေရာတွင် အစိုးရဌာနများတွင်လုပ်ကိုင်သည့် ကာယ၊ ဉာဏလုပ်သားများ၊ ကုမ္ပဏီနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်သည့် ကာယ၊ ဉာဏလုပ်သားများနှင့် ငွေကြေးအရင်းအနှီးပေါ်အခြေခံပြီးလုပ်ကိုင်ကြသည့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်ထုတ်လုပ်သူများ၊ စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်သူများ၊ ကုန်သည်ပွဲစားများ၊ အခြားဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ ဝင်ငွေများပါဝင်ကြသည်။ ဝင်ငွေရရှိရေးအတွက် လုပ်ငန်းများကို ကဏ္ဍကြီးများအလိုက် လေးမျိုးခွဲခြားနိုင်သည်။

ပထမတစ်ခုမှာ အခြေခံကဏ္ဍကြီးဖြစ်ပြီး လယ်ယာလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သစ်တောလုပ်ငန်းစသည်တို့မှ ကုန်ကြမ်းထုတ်လုပ်ငန်းများပါဝင်သည်။ ဒုတိယတစ်ခုမှာ စက်မှုလက်မှုလုပ်ငန်းများပါဝင်ပြီး ကုန်ချောထုတ်လုပ်ငန်းများ ပါဝင်ကြသည်။ တတိယလုပ်ငန်းများမှာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသည်။ စားသောက်ဆိုင်များ၊ အလှပြင်ဆိုင်များ၊ ဆေးရုံများ၊ အရောင်းဆိုင်များနှင့် အခြားသောလုပ်ငန်းများပါဝင်ကြသည်။ စတုတ္ထလုပ်ငန်းများပါဝင်သောကဏ္ဍမှာ အသိဉာဏ်ပညာနှင့် အတတ်ပညာတို့ဆက်စပ်ပြီးလုပ်ကိုင်ကြရသည့် အကြံပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ စသည်တို့ ပါဝင်ကြသည်။ အဆိုပါလုပ်ငန်းကဏ္ဍကြီးလေးခုသည် ဝင်ငွေရရှိရေးအတွက် အခြေခံလုပ်ငန်းကဏ္ဍကြီးများဖြစ်သည်။ ထိုအထဲတွင် ကိုယ်ပိုင်အရင်းအနှီးဖြင့်လည်းကောင်း၊ ကိုယ်ပိုင်ကျွမ်းကျင်မှုဖြင့်လည်းကောင်း လုပ်ကိုင်ကြသည့် ကိုယ်ပိုင်လုပ်ငန်းများသည် ၎င်းတို့၏ဝင်ငွေကို ငွေကြေးဖောင်းပွမှုနှင့်လိုက်ပြီး တက်ခြင်း၊ ကျခြင်းများ လုပ်ကိုင်နိုင်သဖြင့် အခက်အခဲနည်းပါးတတ်သော်လည်း အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်ကြသည့် လခစားဉာဏလုပ်သားများနှင့် ပန်းထမ်းလုပ်သားဟုခေါ်သည့် ကာယလုပ်သားများအတွက်မူ ငွေကြေးဖောင်းပွသည့်ကာလတွင် အခက်အခဲအကျပ်အတည်းများ ပိုမိုရင်ဆိုင်ရသည်ကို တွေ့နိုင်သည်။ လစာရရှိသော ကာယ၊ ဉာဏလုပ်သားများအတွက် အခက်အခဲများ ပိုမိုရင်ဆိုင်ရတတ်သည်။

ငွေကြေးဖောင်းပွသည့်အခါများတွင် ဈေးဝယ်ယူခြင်းနှင့် အသုံးစရိတ်များကို ပိုမိုသတိထားရန် လိုအပ်သည်။ လုပ်ခလစာနှင့် ဝင်ငွေများကို သုံးစွဲရာတွင် လူအများစုသည် လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများ (Needs and Wants) ကို ခွဲခြားသတိမပြုဘဲ လိုချင်သည့်ပစ္စည်းများကို ဝယ်ယူခြင်းနှင့် ဆန္ဒရှိသည့် ဝန်ဆောင်မှုများကို လုပ်ဆောင်ခြင်းများ ပြုလုပ်တတ်ကြသည်။ အမျိုးသားများတွင် မိတ်ဆွေအပေါင်းအသင်းများနှင့် သောက်စားခြင်း၊ ကွမ်း၊ ဆေးလိပ် စသည်တို့ကို အများအပြားသုံးစွဲခြင်း စသည့်လိုအင်ဆန္ဒနောက်လိုက်သည့် သုံးစွဲခြင်းများရှိသကဲ့သို့ အမျိုးသမီးများတွင်လည်း အဝတ်အစားနှင့် အလှအပကိစ္စများ၊ Cosmetic ပစ္စည်းများအတွက် သုံးစွဲတတ်ခြင်းများသည် လိုအင်ဆန္ဒအတွက် သုံးစွဲခြင်းများဖြစ်ကြသည်။ ထို့ကြောင့် ငွေကြေးဖောင်းပွသည်ဖြစ်စေ၊ ဖောင်းပွခြင်းမရှိသည်ဖြစ်စေ သုံးစွဲသည့်ကိစ္စတိုင်းကို လိုအပ်၍ သုံးစွဲခြင်းလား၊ လိုချင်သည့်ဆန္ဒနောက်သို့ လိုက်၍ သုံးစွဲခြင်းလားဆိုသည်ကို သုံးစွဲမည့်သူကိုယ်တိုင်က ဆုံးဖြတ်ပြီးသုံးစွဲရမည်ဖြစ်သည်။ ရှေးလူကြီးများက အသုံးနှင့်အဖြုန်းဟု ခွဲခြားပြောဆိုတတ်သည်။ ထို့ကြောင့် သုံးစွဲမည့်ကိစ္စတိုင်းကို စဉ်းစားပြီးမှ ဝယ်ယူရန်ဆုံးဖြတ်ခြင်းကို ပြုသင့်သည်။

ငွေကြေးဖောင်းပွသည့်အချိန်တွင် ပထမဆုံးလုပ်ရမည့်ကိစ္စမှာ ဝင်ငွေတိုးပွားအောင် မည်သို့ဆောင်ရွက်မည်ကို စဉ်းစားရမည်ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မိမိလုပ်ငန်း၏ ဝင်ငွေများနှင့် ကုန်ကျစရိတ်ကို စိစစ်ပြီး ဝင်ငွေပိုင်းကို ပြန်လည်ချိန်ဆရမည်ဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းများကဲ့သို့ ပုံသေလစာရရှိသူများတွင် ဝင်ငွေတိုးစေရန်အတွက် အချိန်ပိုင်းလုပ်ငန်းများနှင့် မိသားစုဝင်များဘက်မှ ဝင်ငွေတိုးစေမည့်နည်းလမ်းများကို စဉ်းစားဆောင်ရွက်သင့်သည်။ အကယ်၍ ဝင်ငွေတိုးတက်ရန် အခြေအနေမရှိသေးလျှင် လက်ရှိသုံးစွဲသမျှ စရိတ်စကအားလုံးကို ပြန်လည်သုံးသပ်ပြီး ချွေတာနိုင်မည့် နည်းလမ်းများရှာဖွေရမည်ဖြစ်သည်။ ချွေတာခြင်းဖြင့် အသုံးစရိတ်ကိုထိန်းသိမ်းနိုင်သည့် နည်းလမ်းများကို ဖော်ပြလိုက်ပါသည်။

**တစ်လစာ စားဝတ်နေရေးစရိတ်များ ကြိုတင်တွက်ချက်ပါ**

ယခင်ဝင်ငွေပေါ်တွင် အခြေခံပြီး လာမည့်လအတွက် မဖြစ်မနေကုန်ကျမည့်စားဝတ်နေရေးစရိတ်များကို အသေးစိတ်တွက်ချက်ပြီး အစီအစဉ်အသေးစိတ်သတ်မှတ်ပါ။ ကုန်ကျနိုင်သည့်စရိတ်များကို ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ သို့မှသာလောက်င အောင်သုံးစွဲရန် ရသုံးမှန်းခြေကို ပြုပြင်ရေးဆွဲနိုင်မည်ဖြစ်သည်။ အကယ်၍ရရှိသည့်ဝင်ငွေထက် ယခုလတွင် ပိုမိုကုန်ကျနိုင်သည်ဟု ခန့်မှန်းထားပါက မည်သည့်နေရာမှ ဝင်ငွေရရှိနိုင်မည်ကိုပါ ကြိုတင်တွက်ချက်ထားရန်လိုအပ်သည်။ ချေးငှား၍ရနိုင်သည့် နေရာများကိုပါ ကြိုတင်စဉ်းစားပြင်ဆင်ထားရန် လိုအပ်သည်။

**ဈေးဝယ်ခြင်းအားလုံးကို ပြန်လည်စိစစ်လျှော့ချပါ**

မိသားစုစားရေးအတွက် ကုန်ကျစရိတ်သည် ဝင်ငွေ၏ ရာခိုင်နှုန်းအများစုကို ရယူထားသည်ဖြစ်သည်။ ဝင်ငွေများသည်နှင့်အမျှ စားရေးအတွက် ကုန်ကျစရိတ်သည် ဝင်ငွေ၏ ရာခိုင်နှုန်းအနည်းစုဖြစ်လာတတ်သည်။ မည်သို့ပင်ဖြစ်စေ စားရေးအတွက်ဈေးဝယ်ရသည့်ကုန်ကျစရိတ်များကို လျှော့ချနိုင်မည့်နည်းလမ်းကို ရှာဖွေရမည်ဖြစ်သည်။

**စားသောက်မည့်အစားအစာအစီအစဉ်ချမှတ်ပါ**

မိသားစု တစ်နေ့စားသောက်မည့်အစီအစဉ်ကို အကြမ်းအားဖြင့် သုံးနပ်ဟု သတ်မှတ်နိုင်သည်။ သုံးနပ်ကို ပြင်ပအစားအစာမစားဘဲ အိမ်တွင်ချက်ပြုတ်စားသောက်ရန်စီစဉ်ခြင်း၊ တစ်ဦးချင်းမစားဘဲ မိသားစုအားလုံး စုပေါင်းစားခြင်းတို့ကိုလည်း စီစဉ်သင့်သည်။ ဥပမာ-တစ်ပတ်လျှင် အသားဖြင့်သုံးနပ်စားလျှင် ယခုအသားဖြင့် နှစ်နပ်သာစားခြင်း သို့မဟုတ် အသားကြီးဟင်းချက်ခြင်းအစား အသီးအရွက်၊ အာလူးစသည်တို့နှင့် ရောနှောစားခြင်းစသည်တို့ကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

**စရိတ်သက်သာပြီး ကျန်းမာရေးနှင့်ညီညွတ်မည့်အစားအသောက်များကို ရွေးချယ်ပါ**

စားသောက်ရာတွင် လိုချင်ဆန္ဒ(Wants)ဖြင့် လုံးဝမစဉ်းစားဘဲ ကျန်းမာရေးနှင့်ညီညွတ်ပြီး ဈေးသက်သာသည့်အစားအသောက်များကိုသာ ရွေးချယ်စားသုံးရန်လိုအပ်သည်။ မိသားစုအတွက် ပြင်ပတွင် အပတ်စဉ်စားသောက်မည့်အစား တစ်လလျှင် တစ်ကြိမ်သာ ပြင်ပတွင် စားသောက်ပါ။ ပီဇာ၊ ကိတ်မုန့်များ၊ လက်ဖက်ရည်နှင့် အအေးဘူးများအစား အိမ်လုပ်သစ်သီးဖျော်ရည်၊ ဥပမာ-မန်ကျည်းဖျော်ရည်၊ အိမ်တွင်စိုက်ပျိုးရာမှရသည့် သံပရာသီးဖျော်ရည်စသည်တို့ကို ရွေးချယ်ပါ။ အိမ်တွင် ထမင်းသုပ်၊ သင်္ဘောသီးသုပ်များ လုပ်စားနိုင်သည်။ သွေးတိုး၊ ဆီးချို စသောရောဂါရှိသူများအနေဖြင့် အစားအသောက်ကို ကျန်းမာရေးနှင့်ညီညွတ်သည့် အိမ်တွင်ပြုလုပ်သည့် အစားအစာများကိုသာ စားသုံးသင့်သည်။ ပြင်ပတွင် သရေစာစားတတ်သည့် ဓလေ့မျိုးကို လုံးဝပြောင်းလဲလျှော့ချရန် လိုအပ်လာမည်ဖြစ်သည်။ ဈေးဝယ်ထွက်လျှင်ပင် ဗိုက်မဆာစေရန် ဗိုက်ပြည့်အောင် အိမ်တွင်စားပြီးမှ သွားသင့်သည်။

**နှိုင်းယှဉ်ပြီးမှ ဈေးဝယ်ပါ**

မည်သည့်အရာကိုမဆို မဝယ်ခင်တွင် အကြိမ်ကြိမ်စဉ်းစားပါ။ ကြိုက်နှစ်သက်သည်ဟုခံစားမိရုံဖြင့် ဝယ်ခြင်းမျိုး လုံးဝမလုပ်မိရန် လိုအပ်သည်။ ပစ္စည်းတစ်ခုကို ဝယ်လိုက်ခြင်းဖြင့် ထိုပစ္စည်း၏အသုံးဝင်မှု၊ ကြာရှည်ခံမှုစသည်တို့ကိုပါ စဉ်းစားရန်လိုအပ်သည်။ အမျိုးသမီးများအနေဖြင့် အလှအပအတွက် ကုန်ကျစရိတ်သုံးခြင်းနှင့် ကျန်းမာရေးအတွက်သုံးခြင်းကို ကွဲပြားရန်လိုသည်။ ဆံပင်ပြုပြင်ခြင်းစရိတ်များသည် များစွာစဉ်းစားသင့်သော ကုန်ကျစရိတ်များဖြစ်သည်။ လိုအပ်ချက်အရ ပစ္စည်းဝယ်ရတော့မည်ဆိုလျှင်ပင် နှိုင်းယှဉ်ပြီးမှ ဝယ်ယူရန်လိုအပ်သည်။ ဥပမာအားဖြင့် ဆန်ဝယ်မည်ဆိုပါက ပေါ်ဆန်းမွှေးဆန်ကို စားချင်သည်။ ပေါ်ဆန်းမွှေးဆန်တွင် ရွှေဘိုပေါ်ဆန်းမွှေးဆန်ရွေးမည်လား၊ ပုသိမ်ပေါ်ဆန်းမွှေးဆန်၊ ဖျာပုံပေါ်ဆန်းမွှေးဆန်ရွေးမည်လား၊ ပေါ်ဆန်းမွှေးဆန်ချင်းအတူတူ အရည်အသွေးတူပြီး ဈေးသက်သာသည်ကို ရွေးရမည်ဖြစ်သည်။

**ခရီးစရိတ်များကို ချွေတာပါ**

ခရီးစရိတ်ဆိုရာဝယ် တစ်မြို့မှတစ်မြို့သွားလာခြင်းများအပြင် မြို့တွင်းခရီးသွားလာခြင်းများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ဘတ်စကားဖြင့်သွားလာရခြင်းများကိုပါ ထည့်သွင်းတွက်ချက်ထားရန်လိုအပ်သည်။ နေ့စဉ် ရုံးသို့ဖယ်ရီဖြင့် သွားရလျှင်မသိသာသော်လည်း နေ့စဉ် ရုံးအသွား၊ အပြန်ကို လိုင်းကားဖြင့်ဖြစ်စေ၊ တက္ကစီဖြင့်ဖြစ်စေ သွားရလျှင် ထိုကုန်ကျစရိတ်ကို မည်သို့ လျှော့ချသုံးစွဲမည်ကိုပါ တွက်ချက်ပြင်ဆင်ရမည်။ လိုင်းကားစီးရသည့်ခရီးမှာ မဝေးလှပါက လမ်းလျှောက်သင့်လျှင် လမ်းလျှောက်ရန် လိုအပ်သည်။ စနေ၊ တနင်္ဂနွေနေ့တို့တွင် သွားလာသည့်ကိစ္စများကိုပါ ပြန်လည်စိစစ်သင့်သည်။

**အဝတ်အစားဝယ်ယူခြင်းများအားလုံးကို လျှော့ချပါ**

အဝတ်အစားဝယ်ယူခြင်းများအားလုံးကို လျှော့ချသွားရန်လိုအပ်သည်။ တတ်နိုင်လျှင် လုံးဝဝယ်ယူခြင်းမပြုဘဲ သုံးလ၊ လေးလ စသည်ဖြင့် ထိန်းထားနိုင်လျှင် ဝတ်ရေးအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ အချို့သောဝန်ထမ်းများသည် လခထုတ်ပေးဖြင့် အဝတ်အစားကို အကြွေးဝယ်ယူတတ်သည်။ ထိုသို့ဝယ်ယူခြင်းသည် မလိုအပ်ဘဲ ကြွေးမြီကိုတိုးမြင့်စေသဖြင့် အထူးဆင်ခြင်သင့်သည်။

**ငွေစုပါ**

ဝင်ငွေနည်းပါးပြီး ငွေကြေးဖောင်းပွနေသည့်အချိန်တွင် ငွေစုဆောင်းခြင်းသည် အကျိုးမရှိဟုမြင်တတ်ကြသည်။ မှန်ပါသည်။ ဘဏ်တိုးနှုန်းများမှာ ငွေကြေးဖောင်းပွမှုထက် နည်းနေတတ်သည်။ ထို့ကြောင့် ဘဏ်များတွင် ငွေစုဆောင်းမှုသည် အကျိုးမရှိဟုဆိုကြသည်။ သို့သော်လည်း စုဆောင်းငွေရှိလျှင်ဖြစ်စေ၊ အခြားနည်းဖြင့် စုဆောင်းကြလျှင်ဖြစ်စေ မဖြစ်မနေငွေလိုအပ်ချိန်တွင် အဆိုပါစုဆောင်းငွေသည် ရှာဖွေရအလွယ်ဆုံးဝင်ငွေဖြစ်လာတတ်သည်။ ငယ်စဉ်က အဘွားဖြစ်သူသည် တစ်ဆုပ်ဆန်အဖြစ် စားသုံးရန်ချက်သည့်ဆန်ထဲမှ လက်တစ်ဆုပ်မျှကိုဖယ်ထားပြီး မြေအိုးတစ်လုံးတွင် ထည့်ထားတတ်သည်။ ခြောက်လခန့်ကြာလျှင် အဆိုပါ တစ်ဆုပ်ဆန်ထည့်သည့် အိုးထဲမှဆန်ကို ထုတ်ပြီး ဆွမ်းချက်၍ ကပ်လေ့ရှိသည်။ ထိုသို့လုပ်ထားခြင်းသည်

❖ ငွေကြေးဖောင်းပွသည့်အချိန်တွင်ပထမဆုံးလုပ်ရမည့်ကိစ္စမှာ ဝင်ငွေတိုးပွားအောင်မည်သို့ဆောင်ရွက်မည်ကို စဉ်းစားရမည်ဖြစ်သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မိမိလုပ်ငန်း၏ ဝင်ငွေများနှင့် ကုန်ကျစရိတ်ကိုစိစစ်ပြီး ဝင်ငွေပိုင်းကို ပြန်လည်ချိန်ဆရမည်ဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းများကဲ့သို့ ပုံသေလစာရရှိသူများတွင် ဝင်ငွေတိုးစေရန်အတွက် အချိန်ပိုင်းလုပ်ငန်းများနှင့် မိသားစုဝင်များဘက်မှ ဝင်ငွေတိုးစေမည့်နည်းလမ်းများကိုစဉ်းစားဆောင်ရွက်သင့်သည်။ အကယ်၍ ဝင်ငွေတိုးတက်ရန် အခြေအနေမရှိသေးလျှင် လက်ရှိသုံးစွဲသမျှ စရိတ်စကအားလုံးကိုပြန်လည်သုံးသပ်ပြီး ချွေတာနိုင်မည့်နည်းလမ်းများ ရှာဖွေရမည်ဖြစ်သည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၃၄၀ စိုက်ပျိုးပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၀၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၃၀၇ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၄၀ စိုက်ပျိုးပြီးစီးပါပြီ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီစတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ညီညွတ်အောင် စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

စုဆောင်းသည့် အလေ့အထတစ်ခုဖြစ်ပြီး နေ့စဉ်ရက်ဆက်ငွေကြေးအနည်းငယ်ကို စုဆောင်းလျှင် တစ်နှစ်၊ နှစ်နှစ်နေလျှင် အထောက်အကူဖြစ်သည့် ငွေကြေးအစုလိုက်ရရှိလာနိုင်သည်။

**Reuse, Refuse and Recycle ဟူသော R သုံးလုံး**

ပစ္စည်းတစ်ခုဟောင်းသွားသည့်အခါတွင် အမှိုက်အဖြစ်လုံးဝလွှင့်ပစ်ခြင်းမျိုးမပြုလုပ်ဘဲ အခြားအသုံးတည့်သောနေရာတွင် သုံးစွဲခြင်းမျိုးဖြစ်သည်။ ဥပမာ-အစားအသောက်ထည့်ရန်ဝယ်လာသည့် အိတ်တစ်လုံးကို လွှင့်ပစ်ခြင်းမပြုဘဲ အခြားတစ်နေရာတွင် ထပ်မံသုံးစွဲခြင်းကိုပြုလုပ်ရမည်ဖြစ်သည်။ ကုန်ကျစရိတ်ကို လျှော့ချနိုင်သည်။ ထို့ပြင် ပစ္စည်းများကို တစ်ခုချင်းဝယ်ယူခြင်းမျိုးအစား စုပေါင်း၍ဝယ်ယူခြင်းဖြင့် ထုပ်ပိုးစရိတ်ကို သက်သာစေသည်။ စာရွက်များကို ဝယ်ယူရခြင်းမျိုးရှိလျှင်လည်း အနည်းဆုံးသုံးစွဲနိုင်အောင် သတိပြုဆင်ခြင်ရမည်ဖြစ်သည်။ တစ်ဖက်လွတ်စာရွက်များကို ပြန်လည်သုံးစွဲခြင်းမျိုးဖြင့် Reuse ကို ပြုလုပ်သင့်သည်။

အခြားတစ်ခု R မှာ ငြင်းပယ်ခြင်း(Refuse)ဖြစ်သည်။ ငြင်းပယ်ရမည်မှာ လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ ပိုကောင်းသောပစ္စည်းထက် ပိုလိုသောပစ္စည်းကိုဝယ်ယူရန်အတွက် ပိုကောင်းသောပစ္စည်းကို ငြင်းပယ်ခြင်း၊ စိတ်အလိုလိုက်ပြီး လိုအင်ဆန္ဒဖြင့်ဝယ်ယူခြင်းမျိုးမပြုမိအောင် မလိုအပ်လျှင်မဝယ်ဟု ငြင်းပယ်ခြင်း၊ အရက်၊ ဆေးလိပ် စသည့် ကျန်းမာရေးကို ထိခိုက်ပြီး အပိုကုန်ကျသည့် ကိစ္စမျိုးကို ငြင်းပယ်ခြင်း၊ အခြားသူများက အလကားပေးကျွေးသည့်တိုင်အောင်ငြင်းပယ်ခြင်း စသည်တို့ဖြစ်သည်။

နောက်ဆုံး R တစ်ခုမှာ Recycle ဖြစ်သည်။ ပလတ်စတစ်ကဲ့သို့ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့်ပစ္စည်းမျိုးကို သုံးစွဲရသည့်အခါတွင် ပြန်လည်သုံးစွဲနိုင်အောင်သော်လည်းကောင်း၊ စုထားပြီး ပြန်လည်သုံးစွဲမည့်သူထံ ပြန်ရောင်းခြင်းမျိုးကိုသော်လည်းကောင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်ပေးခြင်းသည် ငွေကြေးသုံးစွဲမှုကို လျှော့ချရာရောက်သကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ညစ်ညမ်းမှုမရှိရေးအတွက်လည်း အထောက်အကူဖြစ်စေသည်။

ထို့ပြင် မည်သည့်ကိစ္စအတွက်မဆို ငွေကြေးသုံးစွဲမည်ဆိုပါက လိုအပ်ချက်နှင့်လိုအင်ဆန္ဒ Needs and Wants ကို ကွဲပြားစွာသိရန်လိုအပ်ပြီး မှန်မှန်ကန်ကန်သုံးစွဲနိုင်လျှင် စီးပွားရေးအခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Everlyn Waugh's 6 ways to fight inflation and save money now.**

**မျိုးသူ(ကန်သွယ်မြှင့်)**

## ရှောင်ကြဉ်ကင်းပ မစ္ဆရိယ

\- လောကဓံ ရှစ်ပါးကွဲ့
ရှောင်ရှားလို့ မကျော်နိုင်၊
ဖြစ်တည်ရာ အစဉ်အမြဲ
ဆင်နွှဲခုတိုင်၊
စိတ်ဓာတ်မကျ ကြံ့ကြံ့ခိုင်
ဘဝမဏ္ဍိုင် မရွံ့ကြောက်၊
မေတ္တာကို ရင်ဝယ်ကိန်း
ထိန်းသိမ်းစောင့်ရှောက်။

\- မာန မာန် အကုန်ဖျောက်
ပျောက်ပျက်ဖို့ ကြိုးစားယူ၊
ကြုံလေရာ လူ့ဘဝမှာဖြင့်
စိတ်လှစင်ဖြူ၊
သန့်ရှင်းသော စေတနာဟူ
ဝေဒနာအပူ လွင့်ပြေး၊
အကြင်နာ သန့်ကာရှင်းတဲ့
အပြစ်ကင်းဝေး။

\- ကံပြင်လို စိတ်ကိုရေး
အရိပ်လိုအေး ထာဝစဉ်၊
ရိုးသားဂုဏ် ဆင်ယင်ထူး
ရှင်မြူးဘဝင်၊
ဖယ်ခွာရှင်း မစ္ဆရိယအသွင်
လောကတွင် အနေထိုင်လှ၊
မြတ်ကုသိုလ် မြတ်တရားနှင့်
ပွားများဘဝ။

\- အတ္တဖယ် အပြုံးပြ
နှလုံးလှ ကိုယ်ချင်းစာ၊
မေတ္တာမှန် ရောင်ပြန်ဟပ်
မွန်မြတ်သိက္ခာ၊
ချင့်ချိန်တွေး စိတ်စေရာ
စောင့်ထိန်းပါ လူ့တန်ဖိုး၊
ကြောင်းကျိုးနှစ်တန် အတွဲသိသော်လည်း
ကောင်းဆိုးအမှန် အမြဲရှိပေမို့
(ကွယ်တို့ရေ. . .)
သတိထမ်းပိုး။ ။

**ချာန်လေး(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။**
- **မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကား၊လက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။**

## နိုင်ငံတကာ သတင်းများ

# ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ အလုပ်သမားဝန်ကြီးဌာနၶ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**အေသင် ဖေဖော်ဝါရီ ၃**

ဂရိနိုင်ငံ အေသင်မြို့လယ်ရှိ အလုပ်သမားဝန်ကြီးဌာန ပြင်ပၶ ဖောက်ခွဲရေးပစ္စည်းတစ်ခု ယနေ့တွင် ပေါက်ကွဲခဲ့ကြောင်း ဂရိရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အလုပ်သမားဝန်ကြီးဌာနၶ ဗုံးထောင်ထားကြောင်း ဖုန်းခေါ်ဆိုသတိပေးမှုတစ်ရပ်ကို ဂရိသတင်းစာတစ်စောင်က ရရှိခဲ့ပြီးနောက် ရဲတပ်ဖွဲ့ကို အသိပေးနိုင်ခဲ့ကြောင်း သိရသည်။

သို့သော် ရဲတပ်ဖွဲ့အနေဖြင့် အလုပ်သမားဝန်ကြီးဌာနအဆောက်အအုံကို လူဝင်၊လူထွက်ပိတ်ဆို့ထားသော်လည်း ယင်းဖောက်ခွဲရေးပစ္စည်းမှာပေါက်ကွဲခဲ့ရပြီး အဆောက်အအုံၶ ပျက်စီးမှုအချို့ရှိခဲ့ကြောင်း သိရသည်။

ဖောက်ခွဲရေးပစ္စည်းပေါက်ကွဲမှုကြောင့် အလုပ်သမားဝန်ကြီးဌာနအဆောက်အအုံပျက်စီးမှုများ ရှိခဲ့သော်လည်း ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း ဂရိရဲတပ်ဖွဲ့က ပြောကြားထားသည်။

ဂရိအလုပ်သမားဝန်ကြီးရုံး ဗုံးပေါက်ကွဲမှု နောက်ကွယ်တွင် အဖွဲ့အစည်းအမည် မသိရသေးသော ပြောက်ကျားအုပ်စုတစ်စု ရှိနေကြောင်း ဂရိပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂရိနိုင်ငံသည် နိုင်ငံရေးအကြမ်းဖက်မှုများနှင့် မကြာခဏရင်ဆိုင်ခဲ့ရသောနိုင်ငံဖြစ်ပြီး ဗုံးပေါက်ကွဲမှုအသေးစားများ၊ မီးတင်ရှို့တိုက်ခိုက်မှုများ မကြာခဏဆိုသလိုဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ဘူတာရုံတစ်ခုၶ ဓားဖြင့်တိုက်ခိုက်သူကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ပဲရစ် ဖေဖော်ဝါရီ ၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ ဂါရီဒီလိုင်ယွန်မီးရထားဘူတာရုံၶ ယနေ့နံနက်ပိုင်းတွင် ဓားလက်နက်ဖြင့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဓားလက်နက် တိုက်ခိုက်မှု ကျူးလွန်သူအဖြစ်ယူဆရသူကို ဖမ်းဆီးထားနိုင်ကြောင်း ပဲရစ်ရဲတပ်ဖွဲ့က ကြေညာချက်ထုတ်ပြန်ထားသည်။

ဓားလက်နက် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ သုံးဦးအနက် နှစ်ဦး၏ဒဏ်ရာများမှာ ပြင်းထန်မှုမရှိဘဲ ကျန်တစ်ဦး၏ဒဏ်ရာမှာ အနည်းငယ်ပြင်းထန်ကြောင်း ပဲရစ်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

လက်ရှိအချိန်တွင် တိုက်ခိုက်မှုကျူးလွန်ခဲ့သော အမျိုးသား၏ ရည်ရွယ်ချက်ကို ပြင်သစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် ပြီးခဲ့သည့် ၁၀ စုနှစ်အတွင်း အစွန်းရောက်အစ္စလာမ်မစ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုများနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။

ဂါရီဒီလိုင်ယွန် ဘူတာရုံတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူမှာ မာလီနိုင်ငံမှ အမျိုးသားတစ်ဦးဖြစ်သည်ဟု ပြင်သစ်ရဲတပ်ဖွဲ့က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO




# လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက် ထိုင်းနှင့်သီရိလင်္ကာတို့ လက်မှတ်ရေးထိုး



**ကိုလံဘို ဖေဖော်ဝါရီ ၃**

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ယနေ့တွင် လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သော လွတ်လပ်သည့်ကုန်သွယ်ရေးသဘောတူညီချက်သည် ဘဏ္ဍာရေးအကျပ်အတည်းမှ သီရိလင်္ကာ ရုန်းထွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သီရိလင်္ကာသမ္မတရုံးမီဒီယာဌာနက သတင်းထုတ်ပြန်ထားသည်။

နှစ်ပေါင်း ၇၀ အတွင်း အပြင်းထန်ဆုံးစီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ရေးအတွက် ကုန်သွယ်ရေးသဘောတူညီချက်များ ရယူရေးကို အဓိကထားကြိုးစားလျက်ရှိကြောင်း သိရသည်။

ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရသည့် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ၃ဒသမ ၇ ရာခိုင်နှုန်းကျုံ့ဝင်ခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

ထိုင်းနိုင်ငံနှင့် သီရိလင်္ကာတို့သည် ထိုင်းဝန်ကြီးချုပ် ဆရက်ထာ ထာဗီဆင်၏ ယနေ့ ကိုလံဘို ခရီးစဉ်အတွင်း လွတ်လပ်သည့်ကုန်သွယ်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုလံဘိုသို့ ရောက်ရှိနေသည့် ထိုင်းဝန်ကြီးချုပ် ဆရက်ထာ ထာဗီဆင်သည် ဖေဖော်ဝါရီ ၄ရက်တွင်ကျင်းပမည့် သီရိလင်္ကာနိုင်ငံ၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အစ္စရေးစစ်ဘက် ထိုးစစ်များအတွင်း ဂါဇာဒေသ၏အဆောက်အအုံ ၃၀ ရာခိုင်နှုန်း ပျက်စီး

**နယူးယောက် ဖေဖော်ဝါရီ ၃**

ဂြိုဟ်တုဓာတ်ပုံ အထောက်အထားများအရ ဂါဇာကမ်းမြောင်ဒေသမှ အဆောက်အအုံ ၃၀ ရာခိုင်နှုန်းမှာ အစ္စရေး၏ ထိုးစစ်များအတွင်း ပျက်စီးခဲ့ရကြောင်း သိရသည်။



အစ္စရေး၏ ထိုးစစ်များအတွင်း ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံ ၆၉၁၄၇ လုံး ပျက်စီးခဲ့ရာ အဆောက်အအုံ စုစုပေါင်း၏ ၃၀ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း ကုလသမဂ္ဂ ဂြိုဟ်တုဗဟိုဌာန တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသကို စတင်တိုက်ခိုက်ခဲ့သည်။

အစ္စရေးစစ်ဘက်၏ ထိုးစစ်များအတွင်း ပျက်စီးခဲ့ရသော အဆောက်အအုံများအနက် ၂၂၁၃၁ တို့မှာ လုံးဝပျက်စီးခဲ့ရပြီး ၁၄၀၆၆ လုံးတို့မှာ အကြီးအကျယ်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ၃၂၈၅၀လုံးမှာ အတော်အတန် ထိခိုက်ပျက်စီးခဲ့သည်ဟု ကုလသမဂ္ဂဂြိုဟ်တုဗဟိုဌာနတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ကုလသမဂ္ဂ ဂြိုဟ်တုဗဟိုဌာနသည် ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်ကြားကာလ ဂါဇာကမ်းမြောင် ဂြိုဟ်တုဓာတ်ပုံများကို စစ်ဆေးပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဆီးရီးယားနှင့်အီရတ်တို့ရှိ အီရန်ပစ်မှတ်များကို အမေရိကန်စစ်ဘက်လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အီရန်တော်လှန်ရေးအစောင့်တပ်နှင့် အီရန်ကျောထောက်နောက်ခံပြုစစ်သွေးကြွများနှင့် ဆက်စပ်နေသည့် ဆီးရီးယားနိုင်ငံနှင့် အီရတ်နိုင်ငံအတွင်းရှိ ပစ်မှတ်များကို အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၂ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံၶ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့ရမှုကိုတုံ့ပြန်သည့်အနေဖြင့် အီရတ်နှင့် ဆီးရီးယားနိုင်ငံများရှိ အီရန်ပစ်မှတ်များကို အမေရိကန်စစ်ဘက်က လေကြောင်းထိုးစစ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂ရက် လေကြောင်းထိုးစစ်များတွင် အမေရိကန်စစ်လေယာဉ်များက ဆီးရီးယားနှင့် အီရတ်နိုင်ငံအတွင်းရှိ အီရန်နှင့် ဆက်နွယ်နေသော ပစ်မှတ်ပေါင်း ၈၅ ခုကျော်ကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လေကြောင်းထိုးစစ်များထဲတွင် အမေရိကန်နိုင်ငံမှ ပျံသန်းလာသည့် ဘီ-၁ တာဝေးပျံဗုံးကြဲလေယာဉ်များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

အမေရိကန်စစ်ဘက်အနေဖြင့် ဂျော်ဒန်ဖြစ်စဉ်ကို အီရန်နိုင်ငံပြင်ပရှိ ပစ်မှတ်များကိုသာ တိုက်ခိုက်ခြင်းဖြင့် တုံ့ပြန်ခဲ့သည့်တိုင် ယင်းတုံ့ပြန်ချက်ကြောင့်ပင် အရှေ့အလယ်ပိုင်းဒေသၶ ပဋိပက္ခများ ပို၍ပြင်းထန်လာနိုင်သည်။

အီရတ်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု စစ်သွေးကြွအုပ်စုတစ်စုက ဇန်နဝါရီ ၂၈ ရက်တွင် ဂျော်ဒန်နိုင်ငံအတွင်းရှိ အမေရိကန် တပ်စခန်းတစ်ခုကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး၍ ၃၄ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဒရမ်းချေဆာပုဂ္ဂလိကအာကာသယာဉ်ကို ဖေဖော်ဝါရီ ၁ ရက်တွင် ဆီအာရာစပေ့စ်ကုမ္ပဏီ ထုတ်ဖော်ပြသခဲ့




**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်အခြေစိုက် ဆီအာရာစပေ့စ်ကုမ္ပဏီသည် ဒရမ်းချေဆာအမည်ရှိ ပုဂ္ဂလိကအာကာသယာဉ်ကို ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

ဆီအာရာစပေ့စ် ကုမ္ပဏီသည် ဒရမ်းချေဆာ အာကာသယာဉ်ကို ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ထားသည်။

ဒရမ်းချေဆာအာကာသယာဉ်ကို Tenacity အမည်ရှိအာကာသကုန်တင်ယာဉ်နှင့် Shooting Star အမည်ရှိ ကုန်တင်ယာဉ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

ဆီအာရာစပေ့စ်ကုမ္ပဏီသည် ဒရမ်းချေဆာ အာကာသယာဉ်ကို ULA ကုမ္ပဏီ၏ ဗော်လ်ကန်စင်တော်ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

ဆီအာရာစပေ့စ် ကုမ္ပဏီသည် ဒရမ်းချေဆာအာကာသယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်များ လွှတ်တင်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဒရမ်းချေဆာအာကာသယာဉ်၏ Tenacity အာကာသကုန်တင်ယာဉ်သည် ကုန်အလေးချိန် ကီလိုဂရမ် ၃၅၄၀ ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## SLIM လဆင်းယာဉ် လကမ္ဘာညကာလကိုကျော်ဖြတ်ရေးအတွက် စူးစမ်းလေ့လာရေးစနစ်များမပိတ်မီ နောက်ဆုံးဓာတ်ပုံများရိုက်ကူးခဲ့

**တိုကျို ဖေဖော်ဝါရီ ၃**


ဂျပန် အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် လကမ္ဘာညကာလကို ကျော်ဖြတ်ရေးအတွက် စူးစမ်းလေ့လာရေးစနစ်များ မပိတ်မီ နောက်ဆုံးဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

SLIM လဆင်းယာဉ်သည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီ ၁၉ ရက်တွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

သို့ရာတွင် SLIM လဆင်းယာဉ်သည် ဒုံးအင်ဂျင်ပြဿနာကြောင့် ကိုယ်ထည်ပြောင်းပြန်ဆင်းသက်မိခဲ့ရာ ဆင်းသက်ခဲ့ပြီးနောက်ပိုင်း စွမ်းအင်မလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည်။

နောက်ပိုင်းတွင် အနေအထားမမှန်ဖြစ်နေသည့် နေစွမ်းအင်ပြားများပေါ်သို့ နေရောင်ကျရောက်မှုကြောင့် SLIM လဆင်းယာဉ်မှာ စွမ်းအင်ပြန်လည်ရရှိခဲ့ပြီး စူးစမ်းလေ့လာရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ခဲ့သည်။

သို့သော် SLIM လဆင်းယာဉ်သည် လကမ္ဘာညကာလကို ကျော်ဖြတ်ရေးအတွက် ဇန်နဝါရီ ၃၁ ရက်မှစ၍ စူးစမ်းလေ့လာရေးစနစ်များပိတ်ပြီး ငြိမ်သက်နေပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။



လကမ္ဘာ၏ ညကာလသည် ကမ္ဘာမြေအချိန်ကာလအားဖြင့် ၁၄ ဒသမ ၅ ရက်ထိ ကြာမြင့်လေ့ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ကွေးရှောင်-၂ ဂြိုဟ်တုကိုလွှတ်တင်ရန် စီစဉ်

**ပေကျင်း ဖေဖော်ဝါရီ ၃**

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် သတင်းအချက်အလက် လက်ဆင့်ကမ်းဂြိုဟ်တုတစ်စင်းဖြစ်သည့် ကွေးရှောင်-၂ ဂြိုဟ်တုကို ယခုနှစ်ပထမခြောက်လတာကာလအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။



လွှတ်တင်ပြီးချိန်တွင် ကွေးရှောင်-၂ ဂြိုဟ်တုသည် လကမ္ဘာအခြားဘက်ခြမ်းနှင့် ကမ္ဘာမြေတို့ကြား သတင်းအချက်အလက်များကို ခြေရာခံဖလှယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ကွေးရှောင်-၂ ဂြိုဟ်တုကို ဝန်ချန်အာကာသစခန်းသို့ ပို့ဆောင်ထားပြီး မပစ်လွှတ်မီ အကြိုစမ်းသပ်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကွေးရှောင်-၂ ဂြိုဟ်တုကိုလွှတ်တင်ရေးအတွက် မြေပြင် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

ကွေးရှောင်-၂ ဂြိုဟ်တုသည် တရုတ်နိုင်ငံ၏ လကမ္ဘာစူးစမ်းလေ့လာရေးအစီအစဉ် စတုတ္ထအဆင့်အတွက် ကြားခံသတင်းပို့ ဂြိုဟ်တုအဖြစ် တာဝန်ယူမည်ဖြစ်သည်။

လကမ္ဘာ စူးစမ်းလေ့လာရေးအစီအစဉ် စတုတ္ထအဆင့်တွင် တရုတ်နိုင်ငံသည် ချန်အာ-၄၊ ချန်အာ-၆၊ ချန်အာ-၇ နှင့် ချန်အာ-၈ လဆင်းယာဉ်များကို လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့် အမျိုးသားများ၌ ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**လန်ဒန် ဖေဖော်ဝါရီ ၃**

လမ်းသွက်သွက်လျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်းကဲ့သို့ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အမျိုးသားများ၌ ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

နှလုံးကျန်းမာရေးကို လျှော့ချပေးနိုင်သည့် လမ်းသွက်သွက်လျှောက်ခြင်း၊ စက်ဘီးစီးခြင်းကဲ့သို့ လေ့ကျင့်ခန်းများသည် အမျိုးသားများ၏ ဆီးကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေကို ပုံမှန်ထက် ၃၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း ဗြိတိန် သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အမျိုးသား ၅၇၆၅၂ ဦးတို့၏ လေ့ကျင့်ခန်းပြုလုပ်မှုအတိုင်းအဆနှင့် ကျန်းမာရေးအခြေအနေများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးကျန်းမာရေးကို လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် သုံးရာခိုင်နှုန်း နှစ်စဉ်လျှော့ချထားနိုင်သူများတွင် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးကျန်းမာရေးစနစ် မြှင့်တင်နိုင်ပါက ဖြစ်နိုင်ခြေလျှော့ချနိုင်မည့် ကင်ဆာရောဂါများထဲတွင် ဆီးကျိတ်ကင်ဆာလည်း ပါဝင်ကြောင်း၊ ဆီးကျိတ်ကင်ဆာရောဂါသည် အမျိုးသားများ၌ အဖြစ်အများဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## သွေးဖိအားအတက်အကျများမှုက နှလုံးရုတ်တရက်ဖောက်ခြင်း၊ လေဖြတ်ခြင်းများ ဖြစ်နိုင်ခြေရှိမှု၏ ရှေ့ပြေးလက္ခဏာများဖြစ်နိုင်

**လန်ဒန် ဖေဖော်ဝါရီ ၃**

သွေးဖိအားအတက်အကျများမှုသည် နှလုံးရုတ်တရက်ဖောက်ခြင်း၊ လေဖြတ်ခြင်းများ ဖြစ်နိုင်ခြေရှိမှု၏ ရှေ့ပြေးလက္ခဏာများ ဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သွေးဖိအား အတက်အကျများသူများသည် သွေးဖိအားမြင့်သော်လည်း တည်ငြိမ်မှုရှိသူများထက် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးပညာရှင်များအနေဖြင့် သွေးဖိအား တိုင်းတာမှုရလဒ်များကို စောင့်ကြည့်ခြင်းဖြင့် နှလုံးသွေးကြောရောဂါများ ဖြစ်နိုင်ခြေအများဆုံးရှိသူများကို စစ်ဆေးရှာဖွေနိုင်သည်ကို တွေ့ရကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဘုရင့်ကောလိပ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၈၀၀၀ ကျော်တို့၏ သွေးဖိအားများကို အချိန်ယူစောင့်ကြည့်ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

သွေးဖိအားသည် တစ်နေ့တာကာလအတွင်း အတက်အကျ အပြောင်းအလဲများရှိနေတတ်သည်။

သို့ရာတွင် သွေးဖိအားအတက်အကျ ကြိမ်ရေများမှု၏ ကျန်းမာရေးအပေါ် ရေရှည်အကျိုးသက်ရောက်မှု ရှိ၊ မရှိကို သုတေသနပညာရှင်များက လေ့လာနေကြဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆွီဒင်ကလပ် ဒီဂျာဂါးဒန်းကစားသမား ဘာ့ချ်ဗောကို ခေါ်ယူခဲ့ကြောင်း စပါးအသင်းထုတ်ပြန်

**လန်ဒန် ဖေဖော်ဝါရီ ၃**

စပါးအသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့မပိတ်သိမ်းမီအချိန်တွင် ဆွီဒင်ကလပ် ဒီဂျာဂါးဒန်း လူငယ်ကစားသမား ဘာ့ချ်ဗောကို ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

နည်းပြ ပိုစတီကိုဂလူသည် လူငယ် ကွင်းလယ်ကစားသမား ဘာ့ချ်ဗော၏ စွမ်းဆောင်ရည်ကို သဘောကျ နှစ်သက်နေသောကြောင့် အသင်းသို့ခေါ်ယူရန် စောင့်ကြည့်နေခဲ့ပြီး အပြောင်းအရွှေ့မပိတ်သိမ်းမီ နောက်ဆုံးအချိန်တွင် ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် ငါးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သော်လည်း ကစားသမားအနေဖြင့် လာမည့် ဇူလိုင် ၁ ရက်မှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားဘာ့ချ်ဗောကို ဘာစီလိုနာအသင်းကလည်း ခေါ်ယူရန် ကာလရှည်စိတ်ဝင်စားနေခဲ့သော်လည်း ကစားသမားအနေဖြင့် စပါးအသင်းကိုသာရွေးချယ်ခဲ့ပြီး ၎င်း၏အသက် ၁၈ နှစ်ပြည့် မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမားဘာ့ချ်ဗောသည် ယခုနှစ်ဘောလုံးရာသီမှသာ ပထမဆုံး အဆင့်မြင့်တန်းပြိုင်ပွဲတွင် ဒီဂျာဂါးဒန်းအသင်းနှင့်အတူ ပွဲထွက်ခွင့်ရခဲ့သော်လည်း ပြိုင်ပွဲစုံ ၂၉ ပွဲတွင် အသင်းအတွက် သွင်းဂိုး သုံးဂိုးထိ သွင်းယူကာ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်၍ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် နည်းပြပိုစတီကိုဂလူက ၎င်း၏ ကစားကွက်နှင့်ကိုက်ညီသည့်ကစားသမားဖြစ်သောကြောင့် လာမည့် နွေရာသီ အသင်းနှင့်ပူးပေါင်းချိန်တွင် အသင်းကြီး၌ပွဲထွက်ခွင့်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : ML





# အာရှဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တောင်ကိုရီးယားအသင်းတက်ရောက်





**ဒိုဟာ ဖေဖော်ဝါရီ ၃**

အာရှဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဩစတြေးလျအသင်းနှင့် တောင်ကိုရီးယားအသင်းတို့ တွေ့ဆုံခဲ့ရာ တောင်ကိုရီးယားအသင်းက အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဩစတြေးလျအသင်းသည် အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ရာ ရှုံးထွက်အဆင့်တွင် အင်ဒိုနီးရှားအသင်းကို လေးဂိုးပြတ်ဖြင့်အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး ၁၆ သင်းအဆင့်တွင် ဆော်ဒီအာရေဗျအသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဩစတြေးလျ အသင်းသည် ပွဲစကတည်းက တောင်ကိုရီးယားအသင်းကို ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲကစားချိန် ၄၂ မိနစ်တွင် တိုက်စစ်မှူး ဂွတ်ဝင်းက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တောင်ကိုရီးယားအသင်း ချေပဂိုးရရှိရေး ရုန်းကန်ခဲ့ရပြီး ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် တိုက်စစ်မြင့်ကစားနိုင်ခဲ့သော်လည်း ဩစတြေးလျအသင်းက လူစားလဲမှုများပြုလုပ်၍ ခံစစ်အားပြုကစားခဲ့မှုကြောင့် ချေပဂိုးရရှိရေးအခွင့်အရေးနည်းပါးခဲ့ပြီး ပွဲကစားချိန်နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် ပင်နယ်တီကန်သွင်းရရှိခဲ့ရာ တိုက်စစ်မှူးဟီချန်ဝမ်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကာ အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် ကစားအားကျဆင်းလာသည့် ဩစတြေးလျအသင်းအနေဖြင့် တောင်ကိုရီးယားအသင်း၏ တိုက်စစ်ဆင်မှုများကို ထိန်းချုပ်ရန်ခက်ခဲခဲ့ပြီး ပွဲချိန် ၁၀၄ မိနစ်တွင် ဆွန်ဟောင်မင်က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် တောင်ကိုရီးယားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကာ အခြားကွာတားဖိုင်နယ်ပွဲစဉ်တွင် တာဂျစ်ကစ္စတန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဂျော်ဒန်အသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML

# နည်းပြရွန်းနီကို ဆော်ဒီကလပ်အသင်းများက နည်းပြသစ်ခန့်အပ်ရန်ချိတ်ဆက်မှုပြုလုပ်

**ရိုယာ့ဒ် ဖေဖော်ဝါရီ ၃**

ဆော်ဒီကလပ် အသင်းများက ဘာမင်ဂမ်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြရွန်းနီကို နည်းပြသစ်ခန့်အပ်ရန်အတွက် ချိတ်ဆက်မှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ နည်းပြရွန်းနီသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလက မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ဘာမင်ဂမ်အသင်းနည်းပြသစ်အဖြစ်ခန့်အပ်ခံခဲ့ရသော်လည်း အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလက ဘာမင်ဂမ်အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ရွန်းနီသည် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလက ဒါဘီအသင်းနှင့်စတင်ခဲ့သူဖြစ်ပြီး ဒါဘီအသင်းကို ၂၀၂၂ ခုနှစ် ဇွန်လထိ တာဝန်ယူကိုင်တွယ်ခဲ့ကာ အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် ဇူလိုင်လက မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

လက်ရှိ ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် နည်းပြရွန်းနီကို အမည်မဖော်ပြသည့် ဆော်ဒီကလပ်အသင်းတစ်သင်းက ကမ်းလှမ်းကာ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်နေသည့်အတွက် မကြာမီ နည်းပြရွန်းနီအနေဖြင့် ဆော်ဒီကလပ်အသင်း တစ်သင်းကို တာဝန်ယူကိုင်တွယ်သွားရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Xinhua
Trs : STA





## အားကစားသတင်း အတိုအထွာများ

- ဘက်တစ်အသင်းက အပြောင်းအရွှေ့နောက်ဆုံးအချိန်တွင် ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဖော်နယ်လ်ကို ပြောင်းရွှေ့ကြေး ယူရိုရှစ်သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။
- အာဖရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ဂျီးရီးယားအသင်းက အန်ဂိုလာအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကွန်ဂိုအသင်းက ဂီနီယာအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၂၃) ရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၂ | စပါး |
| ဘရိုက်တန် | ၄ | - | ၁ | ပဲလေ့စ် |
| ဘန်လေ | ၂ | - | ၂ | ဖူလ်ဟမ် |
| နယူးကာဆယ် | ၄ | - | ၄ | လူတန် |

(၀၄၀)

# ဘယ်လင်ဟမ်ကိုအရေးယူမှုပြုလုပ်ပေးရန် လာလီဂါအဖွဲ့ချုပ်ကို ဂီတာဖေးအသင်း တိုင်ကြား

**မက်ဒရစ် ဖေဖော်ဝါရီ ၃**

ဖေဖော်ဝါရီ ၂ ရက်က ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ပွဲစဉ်တွင် ဂီတာဖေးအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ပြိုင်ပွဲအတွင်း ရီးရဲလ်မက်ဒရစ်အသင်းကစားသမား ဘယ်လင်ဟမ်က တိုက်စစ်မှူးဂရင်းဝုဒ်ကို ကြမ်းတမ်းသည့်စကား ပြောကြားခဲ့သောကြောင့် ဂီတာဖေးအသင်းက ဘယ်လင်ဟမ်ကို အရေးယူမှုပြုလုပ်ပေးရန် လာလီဂါအဖွဲ့ချုပ်ကို တိုင်ကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လာလီဂါအဖွဲ့ချုပ်က ဂီတာဖေးအသင်း၏ တိုင်ကြားချက်ကိုလက်ခံခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ပြိုင်ပွဲအတွင်း ဘယ်လင်ဟမ်ပြောကြားခဲ့သည့် စကားအသုံးအနှုန်းမှန်ကန်မှုရှိ မရှိကို ကျွမ်းကျင်ပညာရှင်များဖြင့် စစ်ဆေးမှုများ ပြုလုပ်၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ကာ ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း စပိန်မီဒီယာများက ဘယ်လင်ဟမ်အနေဖြင့် ဂရင်းဝုဒ်ကို မုဒိမ်းကောင်ဟု ပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကတည်းက အတူနေချစ်သူ၏ တိုင်ကြားမှုကြောင့် အိမ်တွင်းအကြမ်းဖက်မှုဖြင့် တရားရင်ဆိုင်ခဲ့ရပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂလန်တရားရုံးက ၎င်းတွင်အပြစ်မရှိကြောင်း ကြေညာ၍ အမှုပိတ်သိမ်းခဲ့သော်လည်း မန်ယူအသင်းတွင် ကစားသမားများ၏ ဆန့်ကျင်မှုကြောင့် ဆက်လက်ကစားခွင့်ရရန် ခက်ခဲခဲ့သဖြင့် နွေရာသီအပြောင်းအရွှေ့ကာလ ဂီတာဖေးအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သည်။

ဂရင်းဝုဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဂီတာဖေးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၁ ပွဲပါဝင်ခွင့်ရခဲ့ကာ သွင်းဂိုး ခြောက်ဂိုးထိ သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် အသင်းကိုရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်သည့် ကစားသမားဖြစ်နေသောကြောင့် ပြိုင်ဘက်ကစားသမားများ၏အာရုံစိုက်ခြင်းကိုခံခဲ့ရပြီး ဘာစီလိုနာအသင်းအပါအဝင် ဥရောပထိပ်သီး ကလပ် အသင်းများကလည်း လာမည့်နွေရာသီတွင် ၎င်းကို ခေါ်ယူနိုင်ရန် ချိတ်ဆက်မှုများ ပြုလုပ်နေကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# မန်ယူအသင်းက ခြေစွမ်းပြသနေသည့် ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၃**

မန်ယူအသင်းက အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေသည့် လူငယ်ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို လုပ်ခလစာတိုးမြှင့်ပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည် ဖြစ်သည့်အတွက် မကြာမီဆွေးနွေးမှုများစတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၁၈ နှစ်သာရှိသေးသည့် ကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာလက အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် ရာသီကြို ခြေစမ်းပွဲစဉ်များမှစတင်ပြီး နည်းပြတန်ဟတ်၏ ယုံကြည်မှုနှင့်အတူ အသင်းကြီးနှင့် စတင်ပူးပေါင်းခဲ့သည်။



မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် ကက်စ်မဲရိုးဒဏ်ရာကြောင့် အနားယူနေရချိန်တွင် ပွဲထွက်ခွင့်ရရှိခဲ့ကာ ပါဝင်ခွင့်ရသည့် ပွဲစဉ်များတွင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် နောက်ပိုင်းပွဲစဉ်များ၌ ပုံမှန်ကစားခွင့် ရရှိနေသူ ဖြစ်သည်။

မန်ယူအသင်းက ကိုဘီမိုင်နူးကို ကာလရှည် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန်စီစဉ်နေပြီး စာချုပ်သစ်တွင်လည်း လုပ်ခလစာတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ကစားသမားကိုယ်တိုင်ကလည်း သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် အသင့်ရှိနေသည့်အတွက် မကြာမီစာချုပ်ချုပ်ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# AT& T Pebble Beach Pro-Am ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာ၊ သောမတ်စ်ဒက်ထရိုင်းနှင့် လက်ဖစ်အဘာက်တို့ ပူးတွဲဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ကမ္ဘာ့အဆင့် (၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား သောမတ်စ်ဒက်ထရိုင်းနှင့် ဆွီဒင် ဂေါက်သီးရိုက်ကစားသမား လက်ဖစ်အဘာက်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ကန်တလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်လျက်ရှိပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ် အပါအဝင် ပြိုင်ပွဲဝင် သုံးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

စကော့တီရှက်ဖလာသည် ဒုတိယနေ့တွင် Birdies ရိုက်ချက် ရှစ်ကျင်းထိရရှိခဲ့ပြီး ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သော သောမတ်စ်ဒက်ထရိုင်းကို အမီလိုက်နိုင်ခဲ့ကာ လူငယ်ဂေါက်သီးရိုက်ကစားသမား လက်ဖစ်အဘာက်သည်လည်း ဒုတိယနေ့တွင် ရလဒ်ကောင်းခဲ့ပြီး အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်ခွင့် ရလာခဲ့ခြင်းဖြစ်သည်။

ပထမနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် သောမတ်စ်ဒက်ထရိုင်းသည် ဒုတိယနေ့တွင် ရလဒ်အနည်းငယ်ကျဆင်းခဲ့ပြီး ပထမနေ့က ရလဒ်ကြောင့် အမှတ်ပေးဇယားထိပ်၌ ဆက်လက်ရပ်တည်ခွင့် ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# အင်တာမီလန်၊ ရိုးမား၊ မာဆေးနှင့် ဗီရင်နအသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဟု ထုတ်ပြန်

**မီလန် ဖေဖော်ဝါရီ ၃**

ဥရောပထိပ်တန်းအသင်းကြီးများဖြစ်သည့် အင်တာမီလန်အသင်း၊ ရိုးမားအသင်း၊ မာဆေးအသင်းနှင့် ဗီရင်နအသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်မဟုတ်ဟု အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

စပိန်ထိပ်သီးကလပ် အသင်းနှစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကဦးဆောင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကဲ့သို့ပင် စင်ပြိုင် ပြိုင်ပွဲသစ်တစ်ခုဖြစ်သည့် ဥရောပစူပါလိဂ်ပြိုင်ပွဲအမည်ဖြင့် ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိနေပြီး ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာက ပြိုင်ပွဲဝင်ရောက်မည့် အသင်းများကို ကြေညာခဲ့ရာတွင် အင်တာမီလန်အသင်း၊ ရိုးမားအသင်း၊ မာဆေးအသင်းနှင့်ဗီရင်နအသင်းတို့ ပါရှိနေသည့်အတွက် အဆိုပါ ကလပ်အသင်းများက ပြန်လည်ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

ဥရောပစူပါလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့အပါအဝင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ စပိန်လာလီဂါပြိုင်ပွဲနှင့် အီတလီစီးရီးအေပြိုင်ပွဲမှ ထိပ်တန်းအသင်းကြီး ၁၂ သင်းက ပြိုင်ပွဲကျင်းပရန် သဘောတူညီမှု ရရှိခဲ့သော်လည်း သက်ဆိုင်ရာ ကလပ်အသင်း ပရိသတ်များက ကန့်ကွက်ခဲ့ကြသည့်အပြင် ဥရောပဘောလုံးအဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့က ပြင်းပြင်းထန်ထန်သတိပေးမှုများပြုလုပ်ခဲ့ကြပြီးနောက် ကလပ်အသင်းအများစုက ပြန်လည်နုတ်ထွက်ခဲ့ကြပြီး ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ကသာ ပြိုင်ပွဲကျင်းပခွင့်ရရန်ဆက်လက်ကြိုးပမ်းခဲ့ကြသည်။

ဘာစီလိုနာအသင်းဥက္ကဋ္ဌလာပေါ်တာက ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပရန်အတွက် အင်တာမီလန်အသင်း၊အေစီမီလန်အသင်း၊နာပိုလီအသင်း၊ ရိုးမားအသင်း၊ မာဆေးအသင်း၊ ဘင်ဖီကာအသင်း၊ ပေါ်တိုအသင်း၊ စပို့တင်းလစ္စဘွန်းအသင်း၊ အေဂျက်အသင်း၊ ဗီရင်နအသင်း၊ ပီအက်စ်ဗွီအသင်း၊ အန်ဒါလက်ချ်အသင်း၊ ဘရူဂျက်အသင်း၊ စပိန်လာလီဂါပြိုင်ပွဲတွင် အေတီကိုအသင်းမှလွဲပြီး ကျန်သည့်အသင်းများနှင့် သဘောတူညီမှုရရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီးနောက် လာပေါ်တာ ထုတ်ပြန်အပြီး နာရီပိုင်းအကြာတွင် အင်တာမီလန်အသင်း၊ ရိုးမားအသင်း၊ မာဆေးအသင်းနှင့် ဗီရင်နအသင်းတို့က ဥရောပစူပါလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်မဟုတ်ဟု အသီးသီးကြေညာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်ကို ရွှေ့ဆိုင်းကြောင်း တိုင်ဆန်ဖျူရီ ထုတ်ပြန်ကြေညာ

**လန်ဒန် ဖေဖော်ဝါရီ ၃**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုအတွက် ဆော်ဒီအာရေဗျနိုင်ငံတွင် ဖေဖော်ဝါရီ ၁၇ ရက်၌ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဗြိတိန်နိုင်ငံသား တိုင်ဆန်ဖျူရီနှင့် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ယူကရိန်းနိုင်ငံသား အလက်ဇန်းဒါးအူဆက်ခ်တို့ ယှဉ်ပြိုင်ထိုးသတ်ရန် စာချုပ်တွင် သဘောတူညီမှု လက်မှတ်ရေးထိုးထားသော်လည်း တိုင်ဆန်ဖျူရီက စိန်ခေါ်ပွဲကိုရွှေ့ဆိုင်းကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုင်ဆန်ဖျူရီအနေဖြင့် အလက်ဇန်းဒါးအူဆက်ခ်နှင့် ထိုးသတ်ရန် သဘောတူညီချက် ရရှိထားမှုကို ဒုတိယအကြိမ်မြောက် ၎င်းဘက်မှ ရွှေ့ဆိုင်းခဲ့ခြင်းလည်းဖြစ်သည်။

တိုင်ဆန်ဖျူရီက လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိထားသည့်အတွက် စိန်ခေါ်ပွဲကိုရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ၎င်း၏ဆုံးဖြတ်ချက်အပေါ် အလက်ဇန်းဒါးအူဆက်ခ်က စိတ်ပျက်မိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

အဆိုပါစိန်ခေါ်ပွဲ လက်ခံကျင်းပပေးမည့် ဆော်ဒီကုမ္ပဏီဖြစ်သော Riyadh Season က "အလက်ဇန်းဒါးအူဆက်ခ်နဲ့တိုင်ဆန်ဖျူရီတို့ ဖေဖော်ဝါရီလမှာ စိန်ခေါ်ပွဲထိုးသတ်သွားဖို့ စီစဉ်ထားပေမဲ့လဲ တိုင်ဆန်ဖျူရီအနေနဲ့ လေ့ကျင့်ရေးအစီအစဉ်မှာ မျက်ခုံးကွဲသွားတဲ့အတွက်ကြောင့် စိန်ခေါ်ပွဲကို ရွှေ့ဆိုင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။ စိန်ခေါ်ပွဲကို လာမဲ့နွေရာသီကာလအတွင်းမှာ ပြန်လည်စီစဉ်သွားမှာပါ။ ဒီစိန်ခေါ်ပွဲကိုတက်ရောက်ကြည့်ရှုဖို့အတွက် လက်မှတ်ဝယ်ယူထားတဲ့ ပရိသတ်တွေကိုလဲ လက်မှတ်ဖိုး ပြန်အမ်းပေးသွားမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# 2024 Qatar Open တင်းနစ်ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ဆာဘာလင်ကာ ထုတ်ပြန်ကြေညာ



**မင့်စ် ဖေဖော်ဝါရီ ၃**

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည့် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည် ကာတာနိုင်ငံတွင်ကျင်းပမည့် 2024 Qatar Open တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆာဘာလင်ကာသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရင်း ပွဲပန်းနေသကဲ့သို့ ကြွက်သားနာကျင်မှုများ ရှိနေသည့်အတွက် ... 

ကြွခိုင်မှု မပြည့်ဝသည့်အတွက်ကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၎င်းသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကိုဆွတ်ခူးရရှိမှုအပြီးတွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်၏ ကမ္ဘာ့အဆင့်(၁) နေရာကို ခြိမ်းခြောက်လာနိုင်ခဲ့သော်လည်း 2024 Qatar Open တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်သည့်အတွက် စဝီယာတက်ခ်အနေဖြင့် 2024 Qatar Open တင်းနစ်ပြိုင်ပွဲအောင်မြင်မှုရရှိခဲ့ပါက ကမ္ဘာ့အဆင့်(၁)နေရာအတွက် ရမှတ်ကွာဟချက်မြင့်မားသွားနိုင်သည်။

ဆာဘာလင်ကာက "ကစားသမားဘဝရဲ့ ဒုတိယမြောက်ဂရန်းစလန်းချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခွင့်ရခဲ့တာနဲ့ ပတ်သက်ပြီး အခုချိန်ထိစိတ်လှုပ်ရှားနေဆဲပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၀) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ | - | ၁ | ဂလာဘတ် |
| ဒမ်စတက် | ၀ | - | ၂ | လေဗာကူဆင် |
| ဘိုချမ် | ၁ | - | ၁ | အော့စ်ဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၃ | စတုဂတ် |
| မိန့်ဇ် | ၀ | - | ၁ | ဝါဒါဘရီမင် |

(၀၄၀)

# နိုင်ငံတကာက ပိုမိုအာရုံစိုက်လာသည့် ဂျပန်နိုင်ငံ၏စစ်ရေးတည်ဆောက်မှု

မကြာသေးသည့်နှစ်များမှစ၍ ဂျပန်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုများသည် လျင်မြန်သွက်လက်လာခဲ့သည်။ ပြောင်းလဲလာသည့် ကမ္ဘာ့လုံးဆိုင်ရာ ပထဝီနိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေများကလည်း ဂျပန်တို့၏ စစ်ရေးတည်ဆောက်မှုအတွက် ယိုးမယ်ဖွဲ့စရာဖြစ်ခဲ့သည်။ ဂျပန်၏ ထိုသို့တည်ဆောက်မှုများသည် ကျန်ကမ္ဘာ့နိုင်ငံများကို အာရုံစိုက်စေသကဲ့သို့ ဆန့်ကျင်ကန့်ကွက်မှု တချို့ရှိသည်ကိုလည်း တွေ့မြင်လာရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ အထင်ကရပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူ ၄၀၀ ကျော်တို့ပူးပေါင်း၍ အိုကီနာဝါရှိ အမေရိကန်မရိန်းတပ်ဖွဲ့၏ ဖူတန်မာလေတပ်အခြေစိုက်စခန်းကိုရွှေ့ပြောင်းရန် တွန်းအားပေးရေးလုပ်ဆောင်သည့် ကီရှီဒါအစိုးရ၏ လုပ်ဆောင်မှုကို ဝေဖန်အပြစ်တင်သော ကြေညာချက်တစ်ရပ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ထုတ်ပြန်ခဲ့သည်ကို တွေ့ရှိရသည်။

**ဖူတန်မာလေတပ်အခြေစိုက်စခန်းရွှေ့ပြောင်းမှု**

မကြာသေးမီနှစ်များအတွင်း ဂျပန်ပြည်တွင်းနိုင်ငံရေးတွင် လက်ယာယိမ်းအပြောင်းအလဲများ တိုးမြင့်လာခဲ့သည်။ ဖူတန်မာလေတပ်အခြေစိုက်စခန်းနေရာရွှေ့ပြောင်းရေးကို တွန်းအားပေးရာတွင် ဂျပန်အစိုးရ၏ တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုသည် ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရများကြား အာဏာခွဲဝေမှုကိစ္စတစ်ခု အဖြစ်ထင်ရသော်လည်း စစ်ပြီးခေတ် ကန့်သတ်ချုပ်ချယ်မှုများမှ လွတ်မြောက်ရန် ဂျပန်နိုင်ငံရှိ လက်ယာယိမ်းအဖွဲ့များ၏ အရေးတကြီးဆန္ဒကို ထုတ်ဖော်ပြသလျက်ရှိနေသည်။ ဂျပန်၏ စစ်ပြီးခေတ် ကန့်သတ်ချက်များမှ လွတ်မြောက်လာခြင်းက ဒေသတွင်းတည်ငြိမ်ရေးအပေါ် ဆိုးရွားသောသက်ရောက်မှုများရှိလာမည်ဖြစ်သည်။ ၎င်းအပေါ် နိုင်ငံတကာအသိုက်အဝန်းက ပိုမိုစိုးရိမ်လာမှုကို ကမ္ဘာကျော် ပုဂ္ဂိုလ် ၄၀၀ ကျော်၏ ပူးပေါင်းဝေဖန်မှုက ဖွင့်ဟပြလျက်ရှိနေသည်။

**အခြေခံဥပဒေကန့်သတ်ချက်ကို ကျော်လွန်လုပ်ဆောင်မှု**

ဂျပန်တွင် စစ်ပြီးခေတ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်း၏စစ်ဘက်ကို ခုခံကာကွယ်မှုအဖြစ် ကန့်သတ်ထားသည်။ သို့သော်လည်း ၂၀၂၃ ခုနှစ်တွင် အမိကလုံခြုံရေးနှင့် ကာကွယ်ရေးမူဝါဒများကို မွမ်းမံပြင်ဆင်သောအချိန်တွင် ဂျပန်က တရုတ်နိုင်ငံ၏ စိန်ခေါ်မှုကို အတိအလင်းဖော်ပြခဲ့သည်။ နိုင်ငံတကာအသိုက်အဝန်းက ဂျပန်၏ စစ်ရေးအရ မိမိကိုယ်ကို ဖြေလျှော့စေရေးအတွက် လုပ်ဆောင်မှုကိုစိုးရိမ်နေသည်မှာကြာပြီဖြစ်သည်။ အထူးသဖြင့် မကြာသေးမီနှစ်များအတွင်း ဂျပန်အစိုးရသည် လုံခြုံရေးအတွက် စစ်အင်အားအသုံးပြုခြင်းလုပ်ငန်းစဉ်ကို ပိုမိုအရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ နယ်ပယ်များစွာတွင် လုပ်ဆောင်မှုများကိုအရှိန်မြှင့်က စစ်ရေးနှင့်ပတ်သက်၍ အခြေခံဥပဒေ၏ ကန့်သတ်ချက်များကို အဆက်မပြတ်ဖြတ်ကျော်ပြီး စစ်ဆန့်ကျင်ရေးအခြေခံဥပဒေကို မိမိဘာသာ ပြန်လည်ပြင်ဆင်ခြင်း၏ အကျိုးသက်ရောက်မှုရရှိစေရန် လုပ်ဆောင်ခဲ့သည်။

ဂျပန်နိုင်ငံသည်၎င်းပတ်ဝန်းကျင်တွင် လုံခြုံရေးခြိမ်းခြောက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။ ၎င်း၏ ခိုင်မာသော စစ်အင်အားသုံးမှုကို လျှော့ချရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာ ဆန့်ကျင်မှုများကိုလျှော့ချရန် ဂျပန်အစိုးရသည် တရုတ်ခြိမ်းခြောက်မှုသီအိုရီကို စဉ်ဆက်မပြတ်မြှင့်တင်ခဲ့ပြီး တရုတ်နှင့် အခြားနိုင်ငံများ၏ တရားဥပဒေနှင့်အညီ လုပ်ရပ်များကို ရှုတ်ချခဲ့သည်။ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားပြီးနောက်တွင် ဂျပန်နိုင်ငံရေးသမားများက ထိုင်ဝမ်ရေလက်ကြားနှင့် တောင်တရုတ်ပင်လယ်တို့တွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အလမ်းကိုရယူပြီး ယနေ့ယူကရိန်းဖြစ်စဉ်သည် မနက်ဖြန် အရှေ့အာရှဖြစ်နိုင်သည်ဟူသော လုပ်ကြံဇာတ်များကို အပြင်းအထန်မြှင့်တင်ခဲ့ကြသည်။

ဂျပန်နိုင်ငံသည် လုံခြုံရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အလေးပေးထားသည်။ လက်ရှိ ဂျပန်-အမေရိကန်လုံခြုံရေး မဟာမိတ်ကိုတည်ဆောက်ရာတွင် ဂျပန်အစိုးရသည်နိုင်ငံတကာလုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုစဉ်ဆက်မပြတ် ခိုင်မာအားကောင်းစေခဲ့သည်။ ဂျပန်နိုင်ငံသည် ဩစတြေးလျ၊ ဗြိတိန်တို့နှင့်စစ်ပစ္စည်းများ အပြန်အလှန်ဖလှယ် အသုံးပြုနိုင်ရေးသဘောတူညီချက် (Reciprocal Access Agreement-RAA) ကိုလက်မှတ်ရေးထိုးခဲ့သည်။ ထို့ပြင် မျိုးဆက်သစ်တိုက်လေယာဉ်များ ပူးတွဲတည်ဆောက်ရေးအတွက် ဗြိတိန်၊ အီတလီတို့နှင့် သဘောတူညီချက်များရရှိခဲ့ကာ ဂျပန်-အမေရိကန်-ဩစတြေးလျ၊ ဂျပန်-အမေရိကန်-ကိုရီးယား၊ ဂျပန်-အမေရိကန်-ဩစတြေးလျ-အိန္ဒိယတို့ အပါအဝင် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ထားသည်။

ဂျပန်သည် ၎င်း၏ ကိုယ်ပိုင်စစ်ရေးစွမ်းရည်ကို ဆက်လက်ခိုင်မာအားကောင်းစေခဲ့သည်။ ဂျပန်အစိုးရသည် အမျိုးသားလုံခြုံရေးမဟာဗျူဟာ (NSS) အပါအဝင် မဟာဗျူဟာမြောက် စာစောင်ကို ပြန်လည်ပြင်ဆင်ခြင်းဖြင့် ရန်သူ့အခြေစိုက်စခန်းများကို တိုက်ခိုက်နိုင်စွမ်းရှိသည့် တန်ပြန်တိုက်ခိုက်နိုင်မှုစွမ်းရည်တည်ဆောက်မှုကို အားကောင်းစေခဲ့သည်။ ဂျပန်နိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် GDP ၏နှစ်ရာခိုင်နှုန်းသို့ ရောက်ရှိရန်ရည်ရွယ်၍ ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ဆက်လက်တိုးမြှင့်ခဲ့သည်။ အထူးသဖြင့် အိုကီနာဝါတစ်ဝိုက်တွင် မကြာခဏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းဖြင့် ၎င်း၏အနောက်တောင်ဘက်ဒေသတွင် လုံခြုံရေးနှင့် ကာကွယ်ရေးစွမ်းရည်များကို ဆက်လက်အားကောင်းစေခဲ့သည်။

**❖ မကြာသေးမီက ဂျပန်နိုင်ငံ၏ ကာဝါစကီအကြီးစားစက်မှုလုပ်ငန်းသည် ၎င်း၏ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက် (Vision 2030) အစီရင်ခံစာတွင် မျိုးဆက်သစ်များ သမားရိုးကျ ရေငုပ်သင်္ဘောများအတွက် ဒီဇိုင်းအစီအစဉ်ကို ထုတ်ဖော်ပြသခဲ့သည်။ ဤရေငုပ်သင်္ဘောများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် Big Whale ဟုလည်းလူသိများသော Taigei အတန်းအစားရေငုပ်သင်္ဘောများကို အစားထိုးရန်ဖြစ်သည်။ ❖**

**ဒေသတွင်းအပေါ်သက်ရောက်မှု**

ဂျပန်၏ အရှိန်အဟုန်မြှင့်လုပ်ဆောင်မှုများဖြစ်သည့် ဖူတန်မာလေတပ်အခြေစိုက်စခန်း နေရာရွှေ့ပြောင်းရေးနှင့် အိုကီနာဝါဒေသရှိ လုံခြုံရေးနှင့် ကာကွယ်ရေးစွမ်းရည်များ မြှင့်တင်ပေးခြင်းကဲ့သို့သော လုပ်ဆောင်မှုများသည် ဒေသတွင်းနိုင်ငံများကြား ပဋိပက္ခများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြင်းထန်လာစေသည့်သဘောသဘာဝရှိသည်။ ၎င်းသည် အရှေ့တရုတ်ပင်လယ်၊ တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတို့တွင် အနှောင့်အယှက်များကို ဖန်တီးပေးရုံသာမက အမေရိကန်တပ်ဖွဲ့ သုံးပုံနှစ်ပုံတပ်စွဲထားသည့် အိုကီနာဝါအပါအဝင် ကျယ်ပြန့်သော အာရှ-ပစိဖိတ်ဒေသရှိ ပြည်သူများ၏ဘဝတိုးတက်ရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တိုးတက်မှုအတွက် ပြင်းထန်သော စိန်ခေါ်မှုများကိုလည်း ဖြစ်စေသည်။

**ထိုးစစ်ရည်ရွယ်သည့်မျိုးဆက်သစ်ရေငုပ်သင်္ဘောတည်ဆောက်ရေးအစီအစဉ်**

မကြာသေးမီက ဂျပန်နိုင်ငံ၏ ကာဝါစကီအကြီးစားစက်မှုလုပ်ငန်းသည် ၎င်း၏ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက် (Vision 2030) အစီရင်ခံစာတွင် မျိုးဆက်သစ်များ သမားရိုးကျရေငုပ်သင်္ဘောများအတွက် ဒီဇိုင်းအစီအစဉ်ကို ထုတ်ဖော်ပြသခဲ့သည်။ ဤရေငုပ်သင်္ဘောများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် Big Whale ဟုလည်း လူသိများသော Taigei အတန်းအစား ရေငုပ်သင်္ဘောများကို အစားထိုးရန်ဖြစ်သည်။ တရုတ်စစ်ဘက်လေ့လာသူ ကျူဝေကျန်းက ရေငုပ်သင်္ဘောအသစ်သည် ဒီဇိုင်းပုံစံအရ ပါဝါစနစ်၊ ဖုံးကွယ်မှုနှင့်တိုက်ခိုက်နိုင်မှုတို့တွင် သိသာထင်ရှားသောတိုးတက်မှုများကို မြင်တွေ့ရလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

၎င်း၏အဆိုအရ ဂျပန်နိုင်ငံ၏ ရေငုပ်သင်္ဘောသစ်တွင် အဓိကလက္ခဏာ သုံးမျိုးပါရှိသည်။ ပထမအချက်မှာ ကာဝါစကီ အကြီးစားစက်မှုလုပ်ငန်းက ထုတ်လုပ်ထားသော မြင့်ကောင်ရေအားကြီးသည့် ဒီဇယ်အင်ဂျင်ကို ပေါင်းစပ်ထားခြင်းကြောင့် မောင်းနှင်နိုင်မှုကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ဤအင်ဂျင်သည် ရေငုပ်သင်္ဘော၏ ရေအောက်ထိန်းချုပ်နိုင်မှုစွမ်းရည်ကိုပိုမိုတိုးမြှင့်ပေးလိမ့်မည်ဖြစ်သည်။ ဒုတိယအချက်မှာ ၎င်းသည် ပိုမိုမြင့်မားသောဖုံးကွယ်မှုကို ပေးစွမ်းသည်။ Taigei အတန်းအစားရေငုပ်သင်္ဘောများတွင်အသုံးပြုသည့် အသားကျနေပြီဖြစ်သော ဆူညံသံလျှော့ချရေးနည်းပညာများအပြင် ရေငုပ်သင်္ဘောအသစ်သည် ရေအောက်သွားလာမှုဆိုင်ရာ ဆူညံသံများကို လျှော့ချရန်နှင့် ရေငုပ်သင်္ဘော၏ဖုံးကွယ်မှုကို မြှင့်တင်ရန်အတွက် သင်္ဘောကိုယ်ထည်၏ပုံသဏ္ဌာန်ကို ပိုမိုကောင်းမွန်ရေး ပြုလုပ်ပေးလိမ့်မည်ဖြစ်သည်။

တတိယအချက်မှာ တိုးမြှင့်တိုက်ခိုက်နိုင်စွမ်းသည် ရေငုပ်သင်္ဘောအသစ်၏ စွမ်းဆောင်ရည်အတွက် သိသာထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ အမေရိကန်၏ MK-41 VLS ဒေါင်လိုက်ပစ်လွှတ်မှုစနစ် တပ်ဆင်ခြင်းဖြင့်၎င်းသည် ဒုံးကျည်အမျိုးအစားအမျိုးမျိုးကိုပစ်လွှတ်နိုင်ပြီး ရေယာဉ်တိုက်ဖျက်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးနှင့် မြေပြင်တိုက်ခိုက်မှုများကဲ့သို့သော မတူကွဲပြားသည့် တိုက်ခိုက်ရေးတာဝန်များကို လုပ်ဆောင်နိုင်စွမ်းရှိစေသည်။ ထို့ပြင် ဂျပန်ရေငုပ်သင်္ဘောများ၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်သည် သိသိသာသာ ပြောင်းလဲသွားမည်ဖြစ်သည်။

**တာဝေးပစ်တိုမာဟော့ခ်ဒုံးကျည် ၄၀၀ ဝယ်ယူခြင်း**

ဒေသတွင်းလုံခြုံရေးခြိမ်းခြောက်မှုများကို တန်ပြန်ရန် ၎င်း၏စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးနေစဉ် ဂျပန်နိုင်ငံသည် တာဝေးပစ် တိုမာဟော့ခ်ဒုံးကျည်အစင်း ၄၀၀ ကိုဝယ်ယူရန်၎င်း၏မဟာမိတ်အမေရိကန်နှင့်ဇန်နဝါရီ ၁၈ ရက်တွင် သဘောတူညီမှုရရှိခဲ့သည်။ ကီလိုမီတာ ၁၆၀၀ အကွာအဝေးထိရောက်ရှိသည့် တိုမာဟော့ခ်ဒုံးကျည်အမျိုးအစား နှစ်မျိုးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံဖိုးထိ ရောင်းချပေးရန် အမေရိကန်က ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် အတည်ပြုခဲ့သည်။

ဝယ်ယူရေးလက်မှတ်ရေးထိုးပြီးနောက် တိုမာဟော့ခ်ဒုံးကျည်များဝယ်ယူရေးကို စတင်ခဲ့သည်ဟု ဂျပန်ကာကွယ်ရေးအရာရှိတစ်ဦးက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သည်။ ကာကွယ်ရေးဘတ်ဂျက်ကို ခိုင်မာစွာအကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့၏ ကာကွယ်ရေးစွမ်းရည်ကို ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မှု**

တိုးမြင့်လာသော တရုတ်တပ်မတော်၏ အရှိန်အဝါနှင့်မြောက်ကိုရီးယားလက်နက်ပိုင်ဆိုင်သည့် မြောက်ကိုရီးယားတို့ကို ရင်ဆိုင်ရပြီးနောက် ဂျပန်အစိုးရသည် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၇ ခုနှစ်တွင် NATO စံနှုန်းဖြစ်သည့် GDP နှစ်ရာခိုင်နှုန်းကို နှစ်ဆတိုးရန် စီစဉ်လျက်ရှိသည်။ လာမည့် ဘဏ္ဍာနှစ်ပြေလမှစတင်၍ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံတန်ဖိုးရှိ စံချိန်တင် ကာကွယ်ရေးအသုံးစရိတ်ကို ဂျပန်နိုင်ငံက အတည်ပြုခဲ့သည်။

ခြုံ၍ဆိုရလျှင် အမှန်တကယ် ဆင်ခြင်တုံတရားရှိသည့် ဂျပန်နိုင်ငံသားများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းအတွင်း ငြိမ်းချမ်းရေးကိုဦးတည်သည့် တပ်ဖွဲ့များနှင့် နိုင်ငံတကာ အသိုက်အဝန်းက လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စစ်ရေးအရတွန်းအားပေးသည့် ဂျပန် လက်ယာနိုင်ငံရေးအင်အားစုများ၏ ရှေးရိုးဆန်သည့်အပြုအမူကို ပြင်းပြင်းထန်ထန် ဆန့်ကျင်လျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ အိုကီနာဝါရှိ ဖူတန်မာလေတပ် အခြေစိုက်စခန်းကို ရွှေ့ပြောင်းရန် တွန်းအားပေးရာတွင် ဂျပန်အစိုးရ၏ အကျပ်ကိုင်မှုကိုဆန့်ကျင်သည့် ကမ္ဘာကျော်ပုဂ္ဂိုလ် ၄၀၀ ကျော်၏ ပူးတွဲဝေဖန်မှုသည် နိုင်ငံတကာ အသိုက်အဝန်း၏ ဆန့်ကျင်ကန့်ကွက်မှုကိုပြသလျက်ရှိသည်။ ဤသို့ဖြင့် ဂျပန်နိုင်ငံ၏ စစ်ရေးတည်ဆောက်မှုအပေါ် ကမ္ဘာ့နိုင်ငံများက ပိုမိုအာရုံစိုက်စောင့်ကြည့်လာကြောင်း တင်ပြလိုက်ရပါသည်။


**ကိုးကား**

- Japan's military self-relaxation draws more international oppositions, China Military Online, January 18, 2024
- Japan's new submarine plan warrants heightened vigilance from neighboring countries, China Military Online, January 18,2024
- Japan inks deal to buy 400 long-range missiles from US, AFP, January 18, 2024



မောင်ဝေလွမ်း(သုတေသီ)

# ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်တွင် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာ ထမနဲပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲများအပြင် ထမနဲဆွမ်းကပ်လှူခြင်းနှင့် ထမနဲစတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်ကိုယ်စားပြု ထမနဲအသင်းများ၊ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ရေကြည်တော်ကပ်အသင်းများ၊ ဝတ်အသင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာ ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်တဲ့ ထမနဲပွဲတော်နဲ့ ထမနဲထိုးပြိုင်ပွဲကို ရွှေတိဂုံစေတီတော်မှာ ကျင်းပမှာဖြစ်ပါတယ်။ ထမနဲပွဲတော်အတွက် ထမနဲတစ်ဒယ်ကို ငွေကျပ် ၆၅၀၀၀ နှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်ပါတယ်။ ဘုရားဖူးပြည်သူတွေ ပါဝင်လှူဒါန်းနိုင်အောင် ဂေါပကအဖွဲ့က ထမနဲပွဲတော်အတွက် အလှူခံဌာနလဲ ဖွင့်လှစ်ပေးထားပါတယ်"ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြသည်။

အဆိုပါ ထမနဲပွဲတော် အတွက် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီတွင် ရွှေတိဂုံစေတီတော်၏ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ထမနဲထိုးပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၅ နာရီ မိနစ် ၃၀ တွင် ဘုရားအမှူးရှိသော သံဃာတော် ၆၄ ပါးအား ဆွမ်းဆန်တော်များ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# The Accountant-2 ဇာတ်ကားကို ယခုနှစ် မတ်လတွင် ရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၃**

The Accountant-2 ဇာတ်ကားကို ယခုနှစ် မတ်လတွင် ရိုက်ကူးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဘင်အက်ဖလက်က စာရင်းရှင်းလုပ်ကြံရေးသမား ခရစ္စတီယန်ဝုဖ်အဖြစ် ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။


The Accountant ဇာတ်ကားတွင် မင်းသား ဘင်အက်ဖလက်နှင့်အတူ မူလ The Accountant ဇာတ်ကားမှ မင်းသား ဂျွန်ဘန်းသလ်နှင့် မင်းသား မက်ဒါမွန်တို့လည်း ပါဝင်မည်ဖြစ်သည်။

The Accountant-2 ဇာတ်ကားကို မူလ The Accountant ဒါရိုက်တာ ဂါဗင်းအိုကွန်နာကပင် ဆက်လက်တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း သိရသည်။

The Accountant(2016) ဇာတ်ကားသည် ကိန်းဂဏန်းစွဲလမ်းမှုဝေဒနာခံစားနေရသော ခရစ္စတီယန်ဝုဖ်အမည်ရှိ စာရင်းကိုင်လူသတ်သမားတစ်ဦးနှင့် ဒုစရိုက်ဂိုဏ်းများကြားတိုက်ပွဲကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

The Accountant-2 ဇာတ်ကားကို ယခုနှစ် မတ် ၁၅ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**




# တစ်ခါတုန်းကတက္ကသိုလ်မှာ ရုပ်သံဇာတ်လမ်းတွဲ MRTV-4 မှ ထုတ်လွှင့်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၃**

တစ်ခါတုန်းက တက္ကသိုလ်မှာ ရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စည်သူဝင်းက ပြောပြ၍ သိရသည်။

တစ်ခါတုန်းက တက္ကသိုလ်မှာ ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ ခွန်ဂျာသိုင်း၏ နာမည်ကြီးဝတ္ထုတစ်ပုဒ်ဖြစ်သည့် တစ်ခါတုန်းက တက္ကသိုလ်မှာ ဝတ္ထုကို ဟိန်းဇော်ဦး၊ သက်ဇွန်၊ ခင်မောင်ကျော်တို့က ဇာတ်ညွှန်း ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ သိန်းဟန်(ဗီးနစ်)က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဇာတ်လမ်း ဇာတ်အိမ်ကောင်းပြီး လူကြိုက်များတဲ့ ဆရာခွန်ဂျာသိုင်းရဲ့ ဝတ္ထုဖြစ်တာကြောင့် ဒါရိုက်တာရဲ့ ညွှန်ကြားမှုအောက်မှာ အကောင်းဆုံးကြိုးစားပြီးတော့ သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် စည်သူဝင်းက ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် စည်သူဝင်း၊ ဝင့်ယမုံနိုင်၊ ကောင်းဇံဟိန်း၊ သံစဉ်ဆည်းဆာ၊ ဒံယေလ၊ ဟန်ထက်ချန်၊ ဟန်နလာ၊ မေပိုပိုချစ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

တစ်ခါတုန်းက တက္ကသိုလ်မှာ ရုပ်သံဇာတ်လမ်းတွဲကို အပတ်စဉ် တနင်္လာမှ သောကြာနေ့ထိ ည ၈ နာရီ ၄၅ မိနစ်တွင် MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Klara and the Sun ဇာတ်ကား၌ မင်းသမီး ဂျင်နာအော်တေးဂါ ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၃**

Klara and the Sun အမည်ရှိ သိပ္ပံရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ဂျင်နာအော်တေးဂါ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ဂျင်နာအော်တေးဂါသည် မင်းသမီး အေမီအဒမ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Klara and the Sun ဇာတ်ကားသည် ဆယ်ကျော်သက်များ အထီးကျန်ဝေဒနာခံစားရမှုကို ကာကွယ်ရေးအတွက် ဖန်တီးထားသော အသိဉာဏ်တုနည်းပညာသုံး စက်ရုပ်တစ်ရုပ်၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဂျပန်စာရေးဆရာ ကာဇူအိုအီရှီဂူရို၏ Klara and the Sun သိပ္ပံဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

မင်းသမီး ဂျင်နာအော်တေးဂါသည် Scream-7 ဇာတ်ကားမှာ နုတ်ထွက်ခဲ့ပြီးနောက် Klara and the Sun ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

Klara and the Sun ဇာတ်ကားကို ဒါရိုက်တာ တိုင်ကာဝေတီတီ တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**





# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်များကို ပံ့ပိုးကြေးများ ထုတ်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်များအား ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွက် ပံ့ပိုးကြေးများကို ဖေဖော်ဝါရီ ၂ ရက်မှစ၍ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သက်ကြီးအနုပညာရှင်များကို လစဉ်ပံ့ပိုးကြေးအဖြစ် သက်ကြီးအနုပညာရှင်ဦးရေ ၅၀ ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကို အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ အခု ဖေဖော်ဝါရီ ၂ ရက်ကစပြီး ဇန်နဝါရီလအတွက် ပံ့ပိုးကြေးတွေကို ထုတ်ပေးနေပြီဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်ကလည်း (၁၀၃) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားနှင့် (၄၆) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ကွက်ရှိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတွင် ကျင်းပခဲ့ပြီး သက်ကြီးအနုပညာရှင်၊ အတတ်ပညာရှင်ဦးရေ ၁၈၀ ခန့်ကို ငွေကျပ် ၁၀၀၀၀၀ စီနှင့် ဂါရဝပြုပစ္စည်းများဖြင့် ကန်တော့ခဲ့ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses Diamond Jubilee of Artillery Corps Day



Senior General Min Aung Hlaing addresses the Diamond Jubilee of Artillery Corps Day.

**Nay Pyi Taw February 3**

The 75th Anniversary Diamond Jubilee of Artillery Corps Day was held at the Transit Centre here this morning, attended by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present together with the Senior General were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, senior military officers from Office of Commander-in-Chief, union level officials, the Nay Pyi Taw Command commander, retired senior officers of the corps, officials and invited guests.

The Senior General arrived at the venue and was welcomed by officials. At the first part of the ceremony, Adjutant-General Lt-Gen Soe Min Oo, Command Commander Maj-Gen Saw Than Hlaing, and Director of Directorate of Artillery Maj-Gen Thet Aung formally opened the Diamond Jubilee Day of the corps.

The Senior General then unveiled the Diamond Jubilee Day commemorative signboard and posed for a group documentary photo together with the attendees.

At the second part held at Hsinbyushin Hall, the Senior General and attendees enjoyed the song "from the diamond jubilee onwards" staged in honour of the Diamond Jubilee.

In his honorary address, the Senior General said today is the Diamond Jubilee of the artillery corps, one of the reliable forces of the country.



Ribbons being cut to open the ceremony.



Senior General Min Aung Hlaing greets those in attendance.

Since the establishment of the corps, its members have been performing the assigned duties well with their utmost intellectual and physical ability in accord with the motto "change positions, fire, communicate", and their efforts are honoured.

According to its history, the Burma Defence Army founded the No(1) Field Artillery in May 1946 with the aim of setting up an artillery corps. It was during the pre-independence period, so, freedom of administration was absent. In October 1947, it was set up as No 6 Burma Rifles.

Internal insurgency broke out soon after the Burma Communist Party went underground in March 1948. The threat was so large that the name "Yangon government" appeared during the time. When Kayin insurgents were attacking Insein, General Ne Win ordered the establishment of an artillery force with 63 soldiers and Capt Ye Tun to join in the battle soon on 3 February 1949 and the Day has become the Artillery Corps Day since then, and now it reaches its diamond jubilee.

Since its establishment, the corps has been an obedient and disciplined force. In accordance with the order it was set up within three days and started to provide supporting fire brilliantly during the battle of Insein.

Since the battle of Insein in 1949 till the current anti-terrorist insurgency operations, it has been effectively taking part in the battles in accord with the goal to hit the specific targets with the required number of shells at the exact time. The corps deserves honour.

Members of the corps are also actively taking part in public welfare undertakings, including relief and rehabilitation tasks after the Nargis cyclone in 2008, Mocha cyclone in 2023 and other natural disasters, in addition to serving its normal duties.

And during the administration of SAC, the corps has proved its brilliant ability in crushing terrorist insurgents that are committing various kinds of destructive acts in multiple sectors. Its battle readiness is recognized.

In order to enable the corps to stand shoulder to shoulder with the international counterparts, the Tatmadaw is equipping the corps with modern guns, ammunition and equipment and sending scholars abroad to skillfully use them. The corps is conducting multiplier courses that disseminate foreign technologies to broaden the combined internal and external knowledge of officers and other ranks.

*See Page 14*



Senior General Min Aung Hlaing visits a commemorative booth.



Senior General Min Aung Hlaing watch a commemorative exhibit.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win addresses Myanmar Film Award Ceremony for 2023



Vice-Senior General Soe Win addresses Myanmar Film Award Ceremony for 2023.

**Nay Pyi Taw February 4**

A ceremony to present Myanmar Film Awards for 2023 took place at Myanmar International Convention Center-1 in Nay Pyi Taw this evening, attended and addressed by State Administration Council Vice-Chairman Deputy Prime Minister Vice-Senior General Soe Win.

Present on the occasion were Daw Than Than Nwe, the wife of the Vice-Senior General, SAC Members and their wives, the Union-level officials and their wives, the Union Ministers and their wives, the Nay Pyi Taw Council Chairman and his wife, high-ranking military officers from the Office of the Commander-in-Chief of Defence Services and their wives, the commander of Nay Pyi Taw Command and his wife, deputy ministers, the patrons, the chairman and members of Myanmar Motion Picture Organization, the Myanmar Press Council chairman, Myanmar Theatrical and Music Associations' chairpersons and members, Myanmar Academy Award Scrutiny Board members, the people from the film, literature, theatre and music industries, responsible officials and special invitees.

Before the start of the ceremony, singers and artists performed music.

First, the Vice-Senior General and wife viewed the documentary photos those who won the Myanmar Film Awards from 1952 to 2022, award-winning films and award-winning artists and technicians displayed in the entrance walkway of the Jade Hall where the ceremony would be held.

After that, artists from the Department of Fine Arts under the Ministry of Religious Affairs and Culture and Forever Group showed six famous movies from the beginning of Myanmar's film industry to next 100 years, holding successive Academy awards.

After that, the Vice-Senior General opened the 2023 Myanmar Film Academy Award Ceremony by erecting the Academy Golden Star on the switchboard.

Next, the Myanmar Radio and Television and the Information and Public Relations Department showed a video clip of the documentary "Finding great results in the centenary and improving Myanmar's film industry".

Addressing the ceremony, the Vice-Senior General said that he was very proud and happy to honor great film artists on this auspicious occasion. World cinema began to appear in the late 19th century, and Myanmar cinema began to appear in the early 20th century, so it can be said that the early era of Myanmar cinema was able to compete with the world.

The movie "Mitta and Sura", which was first released in 1920, was written by a Myanmar writer and screenwriter. It was a real Myanmar film made by a Myanmar director and a photographer featuring Myanmar actors.

The people who created the film are a Myanmar's cinema veteran cinema, U Ohn Maung, along with director U Tok Gyi, screenwriter P Moe Nin, movie photographer U Maung Maung, movie actor U Ba Htay (U Nyi Pu), Movie actress Ma Aye Kyi (Ma Ay Yi), and other Myanmar nationals such as villain actor Maung Maung Chit, must be respected and remembered as the first people who opened the history of Myanmar cinema beautifully.

Revisiting the journey of Myanmar cinema over the past hundred years, film professionals have faced all kinds of difficulties, but they have been able to provide the citizens of Myanmar with a sense of life. They have tried to create and produce many movies that can share their life experiences.

In other words, from silent to audible films, from black and white to colour films, and from small to wide screen, they have made efforts to develop the film industry along with the development of the international film industry. Therefore, they all should be respected and recognized for their hard work.

In addition, from the colonial era to the Silver Jubilee, Golden Jubilee, the Diamond Jubilee and the Centenary Era, not only the happy and enchanting social life between various eras, but also the important roles of the State have been reflected in their artistic works and that they have been able to fulfill their responsibilities towards the country and the people with their knowledge and understanding of art.

Then, the Vice-Senior General called on Myanmar's film industry to continue its efforts for sake of the country and the people by keeping the changing trends.

On May 14, 2023, due to the severe storm Mocha that hit Sittwe and nearby towns in Rakhine State, the local people suffered and got into trouble witnessing damage. In the aftermath of the storm, artists from, music, theatrical and film industries came together to support and help as much as possible. They personally visited, gave encouragement, and performed dances and organized football matches to raise funds for the victims. Everyone from different countries of the world, not only in Myanmar, felt delighted to see the activities of Myanmar artists. And that means a family spirit or unity has developed in times of emergency. This is the unity and nationalistic spirit of artists for their own country.

In other words, the Myanmar Film Association has upheld the motto of "Film is for the people" for successive eras, for which the government expressed its gratitude and prayed greater success.

In particular, he stressed that while working on national and public affairs, it is important for all those from the literature, film, theatrical and music industries to prioritize organizations over individuals and national affairs over organizations. In that way, they are to work together for the brighter future of their country.

Today, the government is implementing two national goals of **"prosperity of the country and food security"**. In order for the country to be prosperous, it is necessary to be self-sufficient in food, and only if we can increase the production and sale of various types of products based on agriculture and livestock, the social and economic life of the people will develop rapidly. The Central Committee for the Development of Micro, Small and Medium Enterprises is headed by the Prime Minister, and the working groups and subgroups are cooperating with the respective responsible ministries and organizations to carry out at a fast pace. In addition, regional stability and peace, the rule of law and socio-economic life development factors are also basic requirements that will be mandatory. In order to fulfill these requirements, all citizens must **have love for the country and their people based on the civic nationalism to shape the future of the country.**



A winner receives Academy Award.



A winner receives Academy Award.



A winner receives Academy Award.

*See Page 14*

*From Page 12*

Members of the corps also joined forces with other troops in joint (Army, Navy, Air) operations, joint (Army, Air, Artillery, Tank) drills. They could successfully perform their part and main duties.

The corps was established during the independence struggle. It is now standing proudly as a modern artillery force that is partaking in safeguarding independence and sovereignty and a force that can stand shoulder to shoulder with its counterparts. Hence, its members must always strive with utmost intellectual and physical efforts to enhance the strength and prowess of their corps and to remain as a reliable national defence force.

Time and again, members of the corps have approved their ability to service the duties assigned to them by the State and Tatmadaw unhesitatingly during the 75 year-journey. The corps can take pride in its officers, other ranks and families who won titles and medals.

New generation members should try to preserve the fine examples of the corps and hand them over to the future forces as a valuable inheritance. The Senior General urged members of the corps to always perform their duties well in accord with the corps' mottos and slogans and continue to stand also as a brilliant force in the coming jubilees.

Afterwards, the director of the corps presented a brief account of the corps and a documentary video on the diamond jubilee was shown. Members stage the song "The God of War" that honours the diamond jubilee of Directorate of Signals.

The director presented a commemorative gift of the corps' diamond jubilee to the Senior General.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing then cordially greeted the retired senior officers of the corps.

The Senior General and party visited the exhibition organized in honour of the diamond jubilee day.

The Senior General attended the luncheon hosted in honour of the ceremony together with attendees. 100

---

*From Page 13*

An artist reflects the performance of a country and society and has a strong element of motivation and encouragement to the people. It is a great treasure of culture with substances and elements. In other words, it is also a bridge for communication between cultures. Combined with vision, hearing and emotions, the strength is very large and it can not only touch people's hearts, but also change people's emotions. The content revealed by an art plays a very important role in showing the value of culture, which can have both good and bad effects for the nation and its people.

Therefore, I would like to strongly urge the artists who are attending the event, to work together with the government for our country, development of our people, to keep the love of country and spirit of patriotism alive, national peace, unity and development.

In 2023, 35 films were screened, and the outstanding artists and professionals from these films will be screened and evaluated step by step, and awards will be presented. It can be said that the film industry, which was temporarily suspended due to the Covid-19 disease, has been revived in almost normal conditions in 2023.

Not only the Myanmar film industry but also the unity of all the artists in film, music and dramatic art, it has returned to normal because of the leadership and unity of the relevant organizations and I would like to express my gratitude to all those who participated.

He said that no matter what difficulties the people of the film industry encountered in the journey of Myanmar cinema, they have benefited the nation with their artistic skills and knowledge, and filled the hearts of the people with all kinds of art and with energy.

The government will continue to provide appropriate support for the development of various sectors such as literature, the film, music and dramatic art. Film artists are not only entertaining the people, but also portray the country's culture and lovely Myanmar customs. He would like to further encourage them to film and present for the development of love for the country in comparison with nationalism, improve people's awareness and the success of the national goals.

Today, the government is fulfilling the functions that should be done based on the natural state of the nation and the reality, whether according to the current state of the world or not. According to the natural situation of their country, it is necessary for all citizens to understand and accept that non-disintegration of the union, non-disintegration of the national solidarity and consolidation of sovereignty are the most necessary and appropriate national goal, national objective and national responsibility.

In the post-Cold War period, some powerful countries used various methods to dominate and control smaller countries as they wished. Among the strategies and approaches being implemented, the field of cultural role is also important, and if the country's culture is destroyed, the citizens' sentiments will also be destroyed through the destruction of the love of the country, patriotism and the loss of the will to protect national pride can easily lead to a subordinate country. Today's situation must be seen as an example on the world political stage. Especially, some are using words like human rights and democracy and saying they worry about it, they are shaking with fear and they only want to resolve it peacefully. Even they are sided with the powerful countries and there is a need for national consciousness and national awareness as they are also colluding under the shadow of coercion and influence.

In such a situation, we must also be aware of foreign dependents, such as individuals with low national morals, puppets and those who receive things in charity or support, who are attacking their own country in various ways to make it unstable, destroy and make the conflicts bigger.

Today, it is very dangerous for the country if they are working with without unity among themselves, ignoring the interests of the country and the people and creating doubts, selfishness and false ideas. Therefore, I would like to urge the artists to try their best for the benefit of the nation and its people with the right awareness.

It is hoped that the artists who won academy awards this year will be motivated to make more efforts in the artistic field for further success.

Similarly, those who did not win awards this year are urged to enhance their artistic talent and to win awards in the future. Artists are solemnly requested to exert efforts to prevent the extinction of Myanmar traditional characteristics and prevalence of foreign cultures and traditions and to contribute to the interests of the country and the people out of their artistic talents and national spirit by adapting the changing trends of the times.

Then, Chairman of the Myanmar Motion Pictures Association winner of academy awards U Kyi Soe Tun spoke words of happiness.

Afterward, the master of ceremonies introduced the boys and girls who helped to present awards at the ceremony one by one to the audience.

Then, the Myanmar Academy Fashion Awards, which are conferred on winners among the artists who attended the ceremony, and Academy Khant Sithu won the Myanmar Academy Fashion Awards for Actors (Veterans) while Academy Khin Thida Tun won the similar award for actresses. Henry San won the Myanmar Academy Fashion Award for Actors while actress Ei Chaw Po won the similar award for actresses. The awards were presented to them by winner of academy awards Swe Zin Htike.

Then, the master of ceremonies explained the selection process of academy awards for 2023 briefly.

Afterward, academy awards were presented and Union Minister for Information U Maung Maung Ohn announced the winners of lifelong academy awards for 2023.

Then, the Vice-Senior General and wife presented the lifelong academy awards, which are proudly conferred on winners by the Myanmar Motion Pictures Association and the film industry including artists and technicians, to Director Aung Myint Myat, Academy Nwet Nwet San and Director Academy Pahchi Soe Moe, who spoke words of thanks to all.

Afterwards, academy awards for technicians and artists were announced and The best cinematography award and the best film music award went to Win Lwin Htet and Kaung Set Paing (Music City) respectively for the film "Kan Kaung" while Director Academy Nyo Min Lwin won the best screenplay award for his film "The Teacher". Khitara Film Production won the best film award for Kan Kaung while the best director award went to Director Tin Aung Soe (Panmyotaw) for his film "Saung Ni Lay Ta Hte" (A red blanket). The best supporting actress and the best supporting actor awards went to May Myintmo for the film "Mone Khwint" and Ne Win for the film "Yeywemo" respectively while the best actress and the best actor awards were respectively won by winner of academy awards Soe Myat Thuza for the film "Bel Talt Ma Ashone Ma Pay Bu (Never Surrender) and winner of academy awards Yan Aung for the film "Saung Ni Lay Ta Hte).

The academy gold statuettes were presented to the academy award winners by Union Minister for Information U Maung Maung Ohn and veteran artists and the award winners spoke words of thanks.

During the ceremony, artists from the Myanmar Comedians Association, the Myanmar Motion Pictures Association and the Myanmar Thabin Association performed entertainment programs in turn.

Then, the Vice-Senior General and wife posed for documentary photographs together with the academy award winners for 2023 and cordially greeted scholars, technicians and artists from the film, literature and music fields.

At the ceremony, awards were presented for best films shown in 2023 by selecting them by the Myanmar Motion Pictures Academy Awards Selection Board phase by phase.

It has been 104 years since the Myanmar film industry was established in 1920. The board for enhancement of the quality of Myanmar motion pictures has been presenting academy awards to outstanding artists and technicians in the film industry with the aim of enhancing the quality of Myanmar films since 1952.

Before 1994, new academy award categories increased to 10 by creating the best director award in 1954, the special award in 1955, the best cinematography award in 1956, the best supporting actor and actress awards in 1962, the best screenplay award, the best film music award and the best sound effect award in 1990. The categories increased to 11 in 1994, when the best film editing award was added.

In 1993 and later, the two-tical silver stars attached to the mythical Kinnari academy statuettes were replaced with two-tical gold stars, which have now been replaced with five-tical gold stars since 2017. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်




အိန္ဒိယနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ၎င်းတို့၏ ပထမဆုံးအကြိမ်နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု SadaTanseeq ကို အိန္ဒိယနိုင်ငံမြောက်ပိုင်း Rajasthan ပြည်နယ်တွင် စတင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် ကန္တာရကဲ့သို့ မြေမျက်နှာသွင်ပြင်တွင် နိုင်ငံများ၏ အပြန်အလှန်လုပ်ဆောင်နိုင်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ၎င်းတို့သည် သမားရိုးကျမဟုတ်သော စစ်မြေပြင်နေရာများအတွက် အကောင်းဆုံးအလေ့အကျင့်များနှင့်နည်းစနစ်များကို မျှဝေနိုင်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ တော်ဝင်ဆော်ဒီကြည်းတပ်မှ တပ်ဖွဲ့ဝင်များနှင့် အိန္ဒိယနိုင်ငံ ခြေလျင်ယန္တရားတင်တပ်မဟာမှ တပ်ဖွဲ့ဝင်များ တစ်ဖက်လျှင် တပ်ဖွဲ့ဝင်အင်အား ၄၅ ဦး ပါဝင်ကြောင်း သိရသည်။

Sada Tanseeq စစ်ရေးလေ့ကျင့်မှုများတွင် ရွေ့လျားယာဉ်စစ်ဆင်ရေးဂိတ်များ ချထားခြင်း၊ သောင်းကျန်းသူတန်ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး၊ နေအိမ်တွင်း စီးနင်းဝင်ရောက်ရှာဖွေခြင်း၊ အကြမ်းဖက်သမားများကို တုံ့ပြန်ပစ်ခတ်မှုနှင့် စနိုက်ပါလေ့ကျင့်မှုများ ပါဝင်ကြမည်ဖြစ်သည်။ အဆိုပါလေ့ကျင့်မှုသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အခန်း (၇) အရ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုပြန်လည်ထူထောင်ရေးအတွက် အဓိကထား လုပ်ဆောင်ခြင်းဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ လုပ်ဆောင်ရန် စီစဉ်ထားသည်။

ယခုနှစ် အစောပိုင်းတွင် အိန္ဒိယတပ်မတော်သည် အာရပ်စော်ဘွားများပြည်ထောင်စု (UAE)နှင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုများကို ဇန်နဝါရီ ၂ ရက်မှ ၁၅ ရက်ထိ Rajasthan ပြည်နယ်၌ ပြုလုပ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကန္တာရဆိုင်ကလုန်းဟုအမည်ရသည့် ထိုစစ်ရေးလေ့ကျင့်မှုသည် မြို့ပြအလွန်တည်ဆောက်ထားသော ရန်သူအခိုင်အမာအဆောက်အအုံများအတွင်း စီးနင်းထိုးဖောက်တိုက်ခိုက်ခြင်းများအပါအဝင် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သောစစ်ဆင်ရေးများကိုဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်အသိပညာမျှဝေရန် ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံပူးတွဲစောင့်ကြည့်ထောက်လှမ်းရေးဌာနများ၊ သောင်းကျန်းသူ တန်ပြန်နှိမ်နင်းရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ရဟတ်ယာဉ်တင် စစ်ရေးလေ့ကျင့်မှုများပါဝင်ပြီးသီတင်း နှစ်ပတ်ကြာ ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။ နိုင်ငံတကာနှင့်ထိတွေ့ဆက်ဆံမှုများအပေါ် အိန္ဒိယတပ်မတော်က အာရုံစိုက်လုပ်ဆောင်နေချိန်တွင် ယခုကဲ့သို့ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုများထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ မကြာသေးမီက ကမ္ဘာ့စစ်ရေးစွမ်းအားအဆင့်သတ်မှတ်ချက်အရ အိန္ဒိယတပ်မတော်သည် တောင်ကိုရီးယားနှင့် ဗြိတိန်နိုင်ငံတို့ထက် ရှေ့ရောက်ရှိနေပြီး ကမ္ဘာ့အင်အားကြီးထိပ်တန်းတပ်မတော် တစ်ရပ်အနေဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**India, Saudi Arabia Begin First-Ever Joint Military Exercise ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီထုတ် မြေပြင်မှတာဝေးပစ်တိုက်ခိုက်နိုင်သောဗုံးအသစ်များ ယူကရိန်းနိုင်ငံသို့ရောက်ရှိလာနိုင်

အမေရိကန်နိုင်ငံ Boeing ကုမ္ပဏီသည် မကြာသေးမီက တီထွင်ထုတ်လုပ်ခဲ့သည့် မြေပြင်မှတာဝေးပစ်တိုက်ခိုက်နိုင်သောဗုံးအသစ်ကို ယူကရိန်းနိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့ရောင်းချရန် အမေရိကန်စစ်ဘက်က စီစဉ်နေကြောင်း၊ အဆိုပါဗုံးများသည် ယခုသီတင်းပတ်တွင် ယူကရိန်းနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ကြောင်း Politico သတင်းဌာနက ရေးသားဖော်ပြချက် များကိုကိုးကား၍ ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇန်နဝါရီ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သည် မကြာသေးမီက မြေပြင်မှတာဝေးပစ်တိုက်ခိုက်နိုင်သောဗုံးအသစ် (GLSDB) အတွက် နောက်ဆုံးစမ်းသပ်မှုများ ပြီးဆုံးခဲ့သဖြင့် ယူကရိန်းသို့ ပထမဆုံးအကြိမ်လွှဲပြောင်းရန် ပြင်ဆင်နေကြောင်း အဆိုပါကိစ္စအပေါ် သိရှိထားသူများ၏ ပြောကြားချက်များကိုကိုးကား၍ Politico သတင်းဌာနက ရေးသားဖော်ပြခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါဗုံးများသည် အမြင့်ဆုံးအကွာအဝေး မိုင် ၉၀ အကွာအဝေးထိရောက်ရှိနိုင်ပြီး ယူကရိန်းအတွက် သိသာထင်ရှားသော စွမ်းရည်တစ်ခုဖြစ်လာလိမ့်မည်ဟု ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် Pat Ryder က ပြောကြားခဲ့ကြောင်း သိရသည်။

ယူကရိန်းအနေဖြင့် ၎င်းတို့တွင် မရှိသေးသော နက်ရှိုင်းစွာတိုက်ခိုက်နိုင်စွမ်းကို ပိုင်ဆိုင်လာနိုင်မည်ဖြစ်ပြီး တာဝေးပစ်တိုက်စွမ်းရည်များကို ထပ်မံအားဖြည့်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် Pat Ryder က ဆက်လက်ပြောကြားသည်။

ယူကရိန်းနိုင်ငံ လုံခြုံရေးအကူအညီပေးဆောင်မှုအောက်မှနေ၍ အချိန်တစ်ခုတွင် ဗုံးကိုပေးပို့နိုင်လိမ့်မည်ဟု ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် Pat Ryder က ပြောကြားခဲ့သော်လည်း အမေရိကန်စစ်ဘက်က သဘော်တင်ပို့မည့်ရက် အတိအကျကို အတည်ပြုရန် ငြင်းဆိုခဲ့သည်။ အဆိုပါ ပေးပို့မှု အသေးစိတ်နှင့်ပတ်သက်၍ အမေရိကန်က ယူကရိန်းသို့ ထုတ်ဖော်ပြောကြားလိမ့်ဦးမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

Boeing နှင့် Saab ကုမ္ပဏီတို့ပူးပေါင်းထုတ်လုပ်ထားသည့် မြေပြင်မှတာဝေးပစ်တိုက်ခိုက်နိုင်သော ဗုံးအမျိုးအစားသည် အမေရိကန်လက်နက်တိုက်တွင် မရှိသေးဘဲ ဝေဟင်မှပစ်လွှတ်သော ဗုံးအမျိုးအစားတစ်ခုတည်းသာ ပိုင်ဆိုင်ထားသေးကြောင်း သိရသည်။



အဆိုပါဗုံးအမျိုးအစားသည် ယူကရိန်းတပ်များ အသုံးပြုလျက်ရှိသော အမေရိကန်က ထောက်ပံ့ပေးထားသည့် High Mobility Artillery Rocket System (HIMARS) အတွဲလိုက်ဒုံးပစ်လောင်ချာ စနစ်သုံးဒုံးကျည်များနှင့် နှိုင်းယှဉ်ပါက အကွာအဝေး နှစ်ဆရှိသည်ဟု သတင်းများအရ သိရသည်။

အမည်မဖော်လိုသည့် သတင်းရင်းမြစ်များစွာကိုကိုးကား၍ GLSDB ဟု ခေါ်ဝေါ်သုံးစွဲသော အဆိုပါဗုံးသည် စမ်းသပ်မှုများကို ဇန်နဝါရီ ၁၆ ရက်က ပြီးဆုံးခဲ့ပြီး မက္ကဆီကိုပင်လယ်ကွေ့ပေါ်တွင် ဒုံးကျည်ခြောက်စင်းဖြင့် ပစ်ခတ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

လွှဲပြောင်းပေးပို့မှုများကို အရှိန်မြှင့်လုပ်ဆောင်နိုင်ရန်အတွက် Boeing ကုမ္ပဏီနှင့်ပင်တဂွန်စစ်ဌာနချုပ်တို့သည် အမြန်ဆုံးကိုးလအတွင်း လွှဲပြောင်းပေးပို့ရေးမှုကို သဘောတူညီခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်အရ Boeingကုမ္ပဏီသည် ဖြစ်နိုင်သမျှအနိမ့်ဆုံးဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရန် ပုံမှန်ပြုလုပ်နေကျ စစ်လက်နက်ပစ္စည်းရောင်းချမှုအပေါ် ပြန်လည်ဆန်းစစ် အကဲဖြတ်ခြင်းအဆင့်ကို ကျော်လွှားလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းနိုင်ငံသည် ယနေ့အချိန်တွင် အမေရိကန်ထုတ် ATACMSဒုံးကျည်များ၊ တာဝေးပစ်လွှတ်နိုင်သည့် ဗုံးများကုန်သွားပြီဖြစ်ရာ အခြားနိုင်ငံများမှ ပံ့ပိုးပေးမည့် နောက်ထပ် စစ်လက်နက်ပစ္စည်းများထပ်မံရရှိနိုင်ရန် တောင်းဆိုနေသည်။ GLSDB ဗုံးသည် ATACMS ဒုံးကျည်ထက် ပါဝါနည်းပါးသော်လည်း ၎င်း၏သာလွန်သောအကွာအဝေးစွမ်းဆောင်ရည်နှင့်ထုတ်လုပ်မှုစရိတ် ကုန်ကျမှုသက်သာစွာဖြင့် တိုက်ခိုက်မှုများကို မကြာခဏ လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသည် ယူကရိန်း၏ အရပ်ဘက်အခြေခံအဆောက်အအုံများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများကို အကြမ်းဖက်ဝါဒလုပ်ရပ်အဖြစ်ရှုတ်ချခဲ့ပြီး ယူကရိန်းကို အနောက်နိုင်ငံများ၏ စစ်ရေးအကူအညီကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။ ယူကရိန်းသို့ စစ်လက်နက်များပံ့ပိုးနေခြင်းသည် ပဋိပက္ခကို ရှည်ကြာစေရုံသာမက အထူးစစ်ဆင်ရေးရလဒ်ကို မထိခိုက်စေဘဲ နောက်ထပ် သွေးထွက်သံယိုမှုများသာဖြစ်စေနိုင်သည်ဟု ရုရှားက ပြောကြားခဲ့ပြီးဖြစ်သည်။

**New long-range US bombs headed for Ukraine – media ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ ရုပ်ပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

**ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီ ဖြစ်**ကြောင်း၊ ထို့ကြောင့် **စွမ်းရည်ရှိသည့်တပ်၊ စွမ်းအားရှိသည့်တပ်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် လက်ရုံးတပ်အဖြစ်တမ်းဖြစ်နေစေရေးတပ်ဖွဲ့ဝင်အားလုံးက အားသွန်ခွန်စိုက်ကြိုးပမ်းကြရန် မှာကြားလို**ကြောင်း။

အမြောက်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသည့် တာဝန်များအပေါ် ဦးလည်မသုန် ထမ်းရွက်နိုင်ကြသည်ကိုလည်း ၇၅ နှစ်တာခရီးတွင် အကြိမ်ကြိမ်သက်သေပြနိုင်ခဲ့ကြပြီး ဘွဲ့ထူးဂုဏ်ထူးများရရှိသူ အရာရှိ၊ စစ်သည်၊ ရဲမေများပေါ်ထွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**မျိုးဆက်သစ်အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း အမြောက်တပ်ဖွဲ့၏အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းတာဝန်ယူထိန်းသိမ်းသွားကြပြီး အနာဂတ်တပ်မတော်နှင့် အမြောက်တပ်ဖွဲ့ဝင်များကို အမိုးတန်အမွေအဖြစ် ပေးအပ်နိုင်ရန်ကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ အမြောက်တပ်ဖွဲ့ဝင်များအနေဖြင့် ချမှတ်ထားသည့် မိမိတို့၏ တပ်ဖွဲ့ဆောင်ပုဒ်များ၊ ကြွေးကြော်သံများအတိုင်း ထိန်းသိမ်းဆောင်ရွက်ကြပြီး ကျရာတာဝန်များကို ကျေပွန်အောင် ဆက်လက်ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားရင်း (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့မှသည် နောင်လာမည့်ရတုများစွာတိုင်အောင် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးက တပ်ဖွဲ့သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက်စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်မှတ်တမ်း Documentary Video ကို ပြသသည်။ ယင်းနောက် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ဂုဏ်ပြုသီချင်းဖြစ်သည့် "The God of War" ကို အမြောက် တပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် 



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

အငြိမ်းစား ဆက်သွယ်ရေးအမြောက်တပ်ဖွဲ့ဝင်အရာရှိကြီးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုအမြောက်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



လယ်ဝေးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများက ရပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသောမြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏မြို့ရွာများရှိ ဆေးရုံ၊ဆေးခန်းများသန့်ရှင်းသပ်ရပ်ပြီး ခြင်၊ ယင် ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရေးအားတက်သရော ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်းအတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



မြိတ်မြို့ ပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများက ရပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများ၊ ထူးချွန်ဆုရဇာတ်ကားများနှင့် ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စက်ခလုတ်ခုံတွင် အကယ်ဒမီရွှေကြယ်ကိုစိုက်ထူ၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

☆ ကျောဖုံးမှအဆက်

မြန်မာနိုင်ငံသဘင်၊ဂီတအစည်းအရုံးဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတနယ်ပယ် အသီးသီးမှ အသိပညာရှင်၊အတတ်ပညာရှင်များနှင့်အနုပညာရှင်များ၊ တာဝန်ရှိသူများနှင့်အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ တေးသံရှင်များနှင့် အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမအဝင် လျှောက်လမ်း၌ ပြသထားသည့် ၁၉၅၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများ၊ ထူးချွန်ဆုရဇာတ်ကားများနှင့် ထူးချွန်ဆုရ အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ မှတ်တမ်းဓာတ်ပုံများကိုကြည့်ရှုကြသည်။

ထို့နောက် မြန်မာ့ရုပ်ရှင်ခေတ်ဦးမှ ရာပြည့်အလွန် သက်တမ်းအထိ ခေတ်အဆက်ဆက်တွင်ထင်ပေါ်ကျော်ကြားခဲ့သော ရုပ်ရှင်ဇာတ်ကား ခြောက်ကားကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် Forever Group မှ အနုပညာရှင်များက သရုပ်ဖော်တင်ဆက်ကြပြီး ခေတ်အဆက်ဆက် အနုပညာကို လက်ဆင့်ကမ်းခဲ့မှုကို ကြယ်စင်ရုပ်များ ကိုင်ဆောင်၍ သရုပ်ဖော်ပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က စက်ခလုတ်ခုံတွင် အကယ်ဒမီရွှေကြယ်ကိုစိုက်ထူ၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ဂုဏ်ပြုစီစဉ်တင်ဆက်သည့် **“ရာပြည့်နှစ်အလွန်အကျိုးဆက်ရှာဖွေ မြန်မာ့ရုပ်ရှင်တိုးတက်ပါစေ”** မှတ်တမ်း Video Clip ကိုပြသသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မင်္ဂလာရှိသည့်အချိန်အခါသမယတွင် ရုပ်ရှင်ထူးချွန်အနုပညာရှင်ကြီးများကို ဂုဏ်ပြုခွင့်ရသည့်အတွက် မိမိအနေဖြင့် လွန်စွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ကမ္ဘာ့ရုပ်ရှင်သည် ၁၉ ရာစုနှောင်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာ့ရုပ်ရှင်သည် ၂၀ ရာစုဆန်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာ့ရုပ်ရှင်ခေတ်ဦးသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ခဲ့သည်ဟု ပြောဆိုရမည်ဖြစ်ကြောင်း၊

၁၉၂၀ တွင် ပထမဆုံးရုံတင်ပြသခဲ့သည့် **“မေတ္တာနဲ့ သူရာ”** ဇာတ်ကားသည် မြန်မာစာရေးဆရာနှင့် ဇာတ်ညွှန်းရေးဆရာတို့က ရေးသားဖော်ကျူးထားသည့် မြန်မာတို့၏ လူနေမှုဘဝဇာတ်အိမ်အပေါ် မြန်မာဒါရိုက်တာနှင့် ဓာတ်ပုံဆရာတို့က မြန်မာမင်းသားမင်းသမီးများနှင့်အတူပုံဖော်ရိုက်ကူးတင်ဆက်ထားသည့် မြန်မာဇာတ်ကားစစ်စစ်ဖြစ်ကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း။

အဆိုပါဇာတ်ကားကို ဖန်တီးရိုက်ကူးတင်ဆက်ခဲ့ကြသူများဖြစ်ကြသည့် မြန်မာ့ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်နှင့်အတူ ဒါရိုက်တာကြီး ဦးတုတ်ကြီး၊ ဇာတ်ညွှန်းရေးဆရာ စာရေးဆရာကြီး ပီမိုးနင်း၊ ရုပ်ရှင်ဓာတ်ပုံဆရာကြီး ဦးမောင်မောင်၊ ရုပ်ရှင်မင်းသား ဦးဘငွေး(ဦးညီပု)၊ ရုပ်ရှင်မင်းသမီး မအေးကြည်(မအေးရီ)၊ လူကြမ်းသရုပ်ဆောင် မောင်မောင်ချစ် အစရှိသည့် မြန်မာနိုင်ငံသားများကိုယ်တိုင်က ပထမဆုံးသောမြန်မာ့ရုပ်ရှင်သမိုင်းကိုလှပစွာဖွင့်လှစ်ပေးခဲ့ကြသူများအဖြစ် မိမိတို့အားလုံးလေးစားအသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း။

**မြန်မာ့ရုပ်ရှင်၏ နှစ်တစ်ရာကျော်ခရီးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက ရုပ်ရှင်အနုပညာအတတ်ပညာရှင်များသည် အခက်အခဲအမျိုးမျိုးကို မည်သို့ပင်ရင်ဆိုင်တွေ့ကြုံခဲ့ကြရသော်လည်း မြန်မာနိုင်ငံသူနိုင်ငံသားများကို ဘဝအသိ၊ဘဝအတွေ့အကြုံများ မျှဝေပေးနိုင်သည့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဖန်တီးထုတ်လုပ်ကြိုးပမ်းခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်**ပါကြောင်း။

တစ်နည်းအားဖြင့် အသံတိတ်မှ အသံထွက်၊ အဖြူအမည်းမှ ဆေးရောင်စုံ၊ မြင်ကွင်းငယ်မှ မြင်ကွင်းကျယ် စသည်ဖြင့် ရုပ်ရှင်နှစ်တစ်ရာကျော်ခရီးကို နိုင်ငံတကာရုပ်ရှင်ဖွံ့ဖြိုးမှုနှင့်အတူလိုက်ပါပြီး ဖွံ့ဖြိုးတိုးတက်အောင်ကြံစည်ကြိုးပမ်းအားထုတ်ခဲ့ကြပါကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ခဲ့ကြသည့်အနုပညာ သူရဲကောင်းကြီးများကိုလည်း မိမိတို့အားလုံးက လေးစားတန်ဖိုးထားပါကြောင်းကို အလေးအနက်ပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရ ဒါရိုက်တာအောင်မြင့်မြတ်အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်က ရုပ်ရှင်တစ်သက်တာထူးချွန်ဆုရရှိသော အကယ်ဒမီနွဲ့နွဲ့စန်းအား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့ပြင် ကိုလိုနီခေတ်မှစပြီး ငွေရတု၊ ရွှေရတု၊စိန်ရတုနှင့်ရာပြည့်ခေတ်တိုင်အောင် ခေတ်စနစ်အမျိုးမျိုးကြားတွင် ပျော်ရွှင်လွမ်းမောဖွယ်ရာ လူမှုဘဝများကို သာမက နိုင်ငံတော်၏အရေးပါသောအခန်းကဏ္ဍများ၊ နိုင်ငံ၏ပကတိအခြေအနေများကို အနုပညာနှင့် ထင်ဟပ်ဖော်ပြတင်ဆက်နိုင်ခဲ့သည်ကိုလည်း နိုင်ငံနှင့်ပြည်သူအပေါ် မိမိတို့ တတ်ကျွမ်းနားလည်သည့် အနုပညာနှင့် တာဝန်ကျေပွန်စွာဆောင်ရွက်ပေးနိုင်ခဲ့ပြီဟုလည်း ထပ်လောင်းပြောကြားလိုပါကြောင်း။

မည်သို့ပင်ဖြစ်စေကာမူ မိမိတို့ချစ်ခင်မြတ်နိုးရသည့် **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

မြန်မာ့ရုပ်ရှင်အနုပညာသည် ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းပေါ်တွင် ကြည်ကြည်လင်လင် သန့်သန့်စင်စင်နှင့် ဖြတ်သန်းစီးဆင်းကာ နိုင်ငံနှင့် ပြည်သူအပေါ် ဆက်လက်အကျိုးပြုဖော်ဆောင်နိုင်ပါစေဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

၂၀၂၃ ခုနှစ် မေ ၁၄ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အနီးတစ်ဝိုက်မြို့များတွင်ကျရောက်ခဲ့သည့် ပြင်းထန်သည့် မိုခါမုန်တိုင်းဒဏ်ကြောင့် ဒေသခံပြည်သူများသည် ထိခိုက်ပျက်စီးမှုနှင့်အတူ ဆင်းရဲဒုက္ခအတိရောက်ရှိခဲ့ကြပါကြောင်း၊ ထိုသို့ မိုခါမုန်တိုင်းကြောင့်ထိခိုက်ခဲ့ရသည့်ဒေသခံတိုင်းရင်းသားပြည်သူများကို ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသပညာရှင်အစည်းအရုံးများမှ အနုပညာရှင်များစုပေါင်းပြီး တတ်နိုင်သမျှ ထောက်ပံ့ကူညီပေးခဲ့ခြင်း၊ ကိုယ်တိုင်ကိုယ်ကျသွားရောက်အားပေးဆောင်ရွက်ခဲ့ခြင်းများ၊ ရန်ပုံငွေရရှိရေးအတွက် ပဒေသာကပွဲ၊ ဘောလုံးပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့သည်များကို မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာ့နိုင်ငံအသီးသီးကမြန်မာ့အနုပညာရှင်များ၏ လှုပ်ရှားမှုများကို တွေ့မြင်ရသူတိုင်း၊ ကြားသိရသူတိုင်း ကြည်နူးဝမ်းမြောက်ခဲ့ပါကြောင်းနှင့် နောင်တွင်လည်း ယခုထက်ပိုမို အကျိုးပြုနိုင်ကြပါစေကြောင်းကို တိုက်တွန်းပြောကြားလိုပါကြောင်း။

အထူးသဖြင့် ပြောကြားလိုသည်မှာ **စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပါဝင်လှုပ်ရှားဆောင်ရွက်နေကြသည့် အနုပညာရှင်များအနေနှင့် နိုင်ငံတော်၏အရေး၊ပြည်သူများ၏ အရေးကို ယခုကဲ့သို့ကြိုးပမ်းဆောင်ရွက်ကြသည့်အခါတွင် အရေးကြီးဆုံးအချက်အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အရေးကိစ္စနှင့် မိမိအဖွဲ့အစည်းအရေးကိစ္စယှဉ်လာပါက အဖွဲ့အစည်းအရေး၊ ၎င်းမှတစ်ဆင့် အဖွဲ့အစည်းအရေးနှင့် နိုင်ငံ့အရေးယှဉ်လာပါကလည်း နိုင်ငံ့အရေးကိစ္စကို ဦးစားပေးဆောင်ရွက်နိုင်ရေး မှန်ကန်စွာခွဲခြားသိမြင်ပြီး တိုင်းပြည်၏ အနာဂတ်၊ ပြည်သူများ၏အနာဂတ်ကို လှပစွာပိုင်းဝန်းကူညီဖော်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်းကိုလည်းတိုက်တွန်းပြောကြားလို**ပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသည် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ဆိုသည့် အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လျက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ထို့ပြင် နယ်မြေအလိုက် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအချက်များသည်လည်း မဖြစ်မနေလိုအပ်မည့် အခြေခံလိုအပ်ချက်များပင်ဖြစ်ပါကြောင်း၊ အဆိုပါအပ်ချက်များ ပြည့်စုံရန်အတွက် နိုင်ငံသားတိုင်းအားလုံးသည် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် အမျိုးကိုချစ်စိတ်စသည့် **အစွန်းမရောက်သော အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံပြီး တိုင်းပြည်၏အနာဂတ်ကိုပုံဖော်ဖန်တီးတည်ဆောက်ကြရမည်ဖြစ်**ပါကြောင်း။

အနုပညာရှင်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်၏ စွမ်းဆောင်ရည်ရှိမှုကို ထင်ဟပ်ပေါ်လွင်စေပြီး ပြည်သူကို စေ့ဆော်တိုက်တွန်းမှုအားကောင်းသည့်ဒြပ်ရှိရော၊ ဒြပ်မဲ့ပါရှိသည့် ယဉ်ကျေးမှုဘဏ္ဍာသိုက်ကြီးတစ်ခုဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယဉ်ကျေးမှုအချင်းချင်းကူးလူးဆက်ဆံရာ တံတားတစ်စင်းလည်းဖြစ်ကြောင်း၊ အမြင်အာရုံ၊ အကြားအာရုံ၊ စိတ်ခံစားမှုတို့နှင့်ပေါင်းစပ်ပြီး လူတို့၏နှလုံးသားကို ရိုက်ခတ်သွားစေနိုင်ရုံသာမက လူများစေရေးနိုင်ငံငြိမ်းချမ်းရေး၊စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အကယ်ဒမီများရှင် ကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားစဉ်။

၂၀၂၃ ခုနှစ်အတွင်း မြန်မာ့ရုပ်ရှင်ဇာတ်ကား ၃၅ ကား ရုံတင်ပြသနိုင်ခဲ့ပြီး ယင်းဇာတ်ကားများထဲက ထူးချွန်သည့်အနုပညာရှင်အတတ်ပညာရှင်များကို အဆင့်ဆင့်စိစစ်အကဲဖြတ်ကာ ဆုများပေးအပ်ဦးဆောင်သူများရော၊ ပူးပေါင်းပါဝင်ဆောင် ရွက်ကြသူများအားလုံးကိုပါ အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

ဖြတ်သန်းခဲ့သည့်မြန်မာ့ရုပ်ရှင်ခရီးလမ်းတွင် ရုပ်ရှင်လောကသားများသည် မည်သို့ပင်အခက်အခဲများကြုံတွေ့ခဲ့ကြသော်လည်း မိမိတို့တတ်ကျွမ်းသည့် အနုပညာစွမ်းပကားနှင့် နိုင်ငံတော်ကို အကျိုးပြုပေးခဲ့ကြသကဲ့သို့ ပြည်သူများ၏စိတ်နှလုံးကို အနုပညာရသမျိုးစုံနှင့် ရွှင်ပြုံးအပန်းပြေစေပြီး စိတ်ဓာတ်ခွန်အားများကို ဖြည့်ဆည်းပေးခဲ့ကြပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်စသည့် နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် ကူညီပံ့ပိုးမှုများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာရှင်များကလည်း ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့မြန်မာ့စရိုက်၊ မြန်မာ့ရေမြေတောတောင် သဘာဝအလှအပများကိုဖော်ညွှန်းပြီး နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်နှင့် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ အသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ ဦးတည်ချက်များအောင်မြင်



၂၀၂၃ ခုနှစ်အတွက် "စောင်နီလေးတစ်ထည်"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသူ အကယ်ဒမီများရှင် ရန်အောင် ဆုလက်ခံရယူစဉ်။



၂၀၂၃ ခုနှစ်အတွက် "ဘယ်တော့မှအရှုံးမပေးဘူး"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ အကယ်ဒမီများရှင် စိုးမြတ်သူဇာ ဆုလက်ခံရယူစဉ်။



၂၀၂၃ ခုနှစ်အတွက် "စောင်နီလေးတစ်ထည်" ဇာတ်ကားဖြင့် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသူ ဒါရိုက်တာတင်အောင်စိုး (ပန်းမြို့တော်) ဆုလက်ခံရယူစဉ်။



၂၀၂၃ ခုနှစ်အတွက် "ရည်ရွယ်မိုး"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသူ နေဝင်း ဆုလက်ခံရယူစဉ်။



၂၀၂၃ ခုနှစ်အတွက် "မုန်းခွင့်"ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိသူ မေမြင့်မိုရ် ဆုလက်ခံရယူစဉ်။

ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် **"အရေးကြီးရင် သွေးစည်းတယ်၊ အရေးကြုံရင်သွေးဆုံတယ်"**ဆိုသည့် မိသားစုစိတ်ဓာတ်များ ပေါ်လွင်ထင်ရှားလာသကဲ့သို့ အနုပညာရှင်များ၏ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံ့အရေးအတွက် အမျိုးသားရေးစိတ်ရှိခြင်းဆိုသည့်ပြယုဂ်ကို ပြသလိုက်ခြင်းပင်ဖြစ်ပါကြောင်း။

တစ်နည်းအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ခေတ်အဆက်ဆက် လက်ကိုင်ပြုထားသည့် **"ရုပ်ရှင်သည်ပြည်သူအတွက်"**ဆိုသည့်ဆောင်ပုဒ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရကအသိအမှတ်ပြုတိုင်းပြည်သာယာဝပြောရန်အတွက် ပြည်တွင်းတွင် စားရေရိက္ခာဖူလုံပြည့်ဝရန်လိုအပ်သကဲ့သို့စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအပေါ် ဈေးကွက်ဝင်ပို့ကုန်အမျိုးအစားအသီးသီးတို့ တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝလျှင်မြန်စွာဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊အငယ်စား၊အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်ဝန်ကြီးချုပ်က ဦးဆောင်ပြီး လုပ်ငန်းအဖွဲ့နှင့် အဖွဲ့ခွဲများသည် သက်ဆိုင်ရာ တာဝန်ယူထားသည့်၏ စိတ်ခံစားမှုကိုပြောင်းလဲစေနိုင်သည်အထိ အစွမ်းသတ္တိများအလွန်ကြီးမားလှပါကြောင်း၊ အနုပညာရပ်တစ်ရပ်မှ ထုတ်ဖော်ပြလိုက်သည့် အကြောင်းအရာများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အကောင်းရော အဆိုးပါအကျိုးသက်ရောက်မှုများနိုင်သည့် ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် လွန်စွာအရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေသည်ဟု ပြောကြားလိုပါကြောင်း။

ထို့ကြောင့် ယခုတက်ရောက်လာကြသည့်အနုပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်စေရေးနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များရှင်သန်ကိန်းအောင်းချီးမြှင့်မည်ဖြစ်ပါကြောင်း၊ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တရပ်ဆိုင်းခဲ့ရသည့် ရုပ်ရှင်အနုပညာလုပ်ငန်းများသည် ၂၀၂၃ ခုနှစ်တွင် ပုံမှန်အခြေအနေနီးပါး ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့သည်ဟု ဆိုကြရမည်ဖြစ်ပါကြောင်း။

မြန်မာ့ရုပ်ရှင် လောကကြီးသာမက ရုပ်ရှင်၊ဂီတ၊သဘင်အနုပညာလောကသားအားလုံး ပြန်လည်လှုပ်ရှားဆောင်ရွက်နိုင်ခြင်းသည် သက်ဆိုင်ရာအစည်းအရုံးများ၏ ဦးဆောင်မှု၊ အနုပညာရပ်ဝန်းတစ်ရပ်လုံးရှိ အနုပညာရှင်များအားလုံး၏ စည်းလုံးညီညွတ်မှုများကြောင့် ယခုလိုစင်မြင့်ထက်သို့ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည့်အတွက် စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြပါရန် ထပ်လောင်းတိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့အချိန်တွင် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် အရှိတရားပေါ် အခြေခံပြီး လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းဆောင်တာများကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းလုပ်ဆောင်ပေးလျက်ရှိကြောင်း၊ ကမ္ဘာကြီး၏ မျက်မှောက်အခြေအနေအရဖြစ်စေ၊ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည်

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံးအမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေး တာဝန်ပင်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံပေးကြရန် လိုအပ်ပါကြောင်း။

စစ်အေးခေတ်လွန် ကာလများတွင် အင်အားကြီးနိုင်ငံအချို့သည်အင်အားနည်းသည့် နိုင်ငံငယ်များအပေါ် ၎င်းတို့အလိုကျ လွှမ်းမိုးချုပ်ကိုင်နိုင်ရန်အတွက် နည်းလမ်းပေါင်းစုံ၊ မဟာဗျူဟာ၊ နည်းဗျူဟာများနှင့် ချဉ်းကပ်ဆောင်ရွက်နေသည့် အထဲတွင် ယဉ်ကျေးမှုအခန်းကဏ္ဍနယ်ပယ်သည်လည်း အဓိကကျပြီး ရှိပြီးနိုင်ငံ့ယဉ်ကျေးမှုပျက်သုဉ်းပါက အဆိုပါနိုင်ငံသားများ၏ စိတ်ဓာတ်များပါ ပျက်သုဉ်းမှုကတစ်ဆင့် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ အမျိုးဂုဏ်ကာကွယ်လိုစိတ်များ ဆုံးရှုံးမှုကတစ်ဆင့် အလွယ်တကူ လက်အောက်ခံသြဇာခံနိုင်ငံအဖြစ် ရောက်ရှိသွားနိုင်သကဲ့သို့ ယနေ့ကဲ့သို့အခြေအနေမျိုးကိုလည်း ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် နမူနာအဖြစ် တွေ့မြင်နေကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးဆိုသည် စကားလုံးများကို ရောင်းကုန်ပစ္စည်းကဲ့သို့ ထည်လဲသုံးပြီး ပဋိပက္ခဖြစ်သည်နှင့်စိုးရိမ်ကြောင်းထိတ်လန့်တုန်လှုပ်မိကြောင်း၊ ငြိမ်းချမ်းစွာဖြေရှင်းကြရန်လိုကြောင်းစသည့် လက်သုံးစကားများ သာပြောပြီး မျက်နှာကြီးရာဟင်းဖတ်ပါဆိုသကဲ့သို့ အင်အားကြီးမားသည့်ဘက်ကပင် ရပ်တည်ပြီး ဖိအားပေးအကျပ်ကိုင်မှုများနှင့် သြဇာလောင်းရိပ်အောက်ကို ပူးပေါင်းသွတ်သွင်းနေကြသည်ကိုလည်း အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိနေကြရန် လိုအပ်ပါကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

**အနုပညာရပ်တစ်ရပ်မှ ထုတ်ဖော်ပြသလိုက်သည့် အကြောင်းအရာများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် အကောင်းရောအဆိုးပါ အကျိုးသက်ရောက်မှုများနိုင်သည့် ယဉ်ကျေးမှုတန်ဖိုးကို ပြသရာရောက်သည့်အတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍကပါဝင်နေ. . .**

ယင်းသို့အခြေအနေတွင် အမျိုးသားရေးကိုယ်ခံစွမ်းအားနည်းသည့် ပုဂ္ဂိုလ်များ၊ ကြိုးဆွဲခံရုပ်သေးရုပ်များ၊ တိုင်းတစ်ပါး၏ ပေးစာကမ်းစာနှင့် ဘဝရပ်တည်နေသူများစသည့် ပြည်ပအားကိုးပုဆိန်ရိုးလက်ကိုင်တုတ်များသည် မိမိတို့နိုင်ငံကို နည်းလမ်းအမျိုးမျိုး၊ ကောလာဟလမှိုင်းအမျိုးမျိုးတိုက်ပြီး မတည်မငြိမ်ဖြစ်အောင် ပျက်စီးအောင်၊ ပဋိပက္ခများ ပိုမိုကြီးမားလာအောင် နှောင့်ယှက်နေမှုကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း။

**ယနေ့အချိန်တွင် အချင်းချင်းစည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံနှင့်ပြည်သူလူထုအကျိုးစီးပွားကိုလျစ်လျူရှုပြီး သံသယများ၊ ကိုယ်ကျိုးအတ္တများ၊ လွဲမှားသည့်အယူအဆများ လုပ်ဆောင်နေကြမည်ဆိုပါက နိုင်ငံအတွက် လွန်စွာအန္တရာယ်ကြီးမားပါကြောင်း၊ ထို့ကြောင့် အနုပညာရှင်ကြီးများအနေဖြင့် မှန်ကန်သည့် အသိတရားများနှင့် နိုင်ငံအကျိုး၊လူမျိုးအကျိုးကိုပိုင်းဝန်းသယ်ပိုးပေးကြရန် တိုက်တွန်းပြောကြားလို**ပါကြောင်း။

ယခုနှစ် ထူးချွန်ဆုရရှိသည့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများကို ဆက်လက် အောင်မြင်တိုးတက်စေရန်အတွက် အားအင်များပိုမိုရရှိပြီး မိမိတို့၏ အနုပညာအလုပ်များကို ပိုမိုအားထုတ်ကြိုးပမ်းသွားကြမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အလားတူ ထူးချွန်ဆုမရရှိသေးသည့် အနုပညာရှင်များအနေဖြင့်လည်း လာမည့်နှစ်ကာလများတွင် မိမိတို့၏ အနုပညာစွမ်းပကားကိုမြှင့်တင်ပြီး ထူးချွန်ဆုများ ဆွတ်ခူးပေးကြပါဟု တိုက်တွန်းလိုပါကြောင်း၊ အထူးမေတ္တာရပ်ခံလိုသည်မှာ မြန်မာ့ဓလေ့စရိုက်များ မမေ့မှိန်မပျောက်ပျက်စေရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုဓလေ့စရိုက်များလွှမ်းမိုးပြီး အရိုးပေါ်အရွက်မဖုံးစေရန် ပြောင်းလဲနေသည့်ခေတ်ရေစီးကြောင်းပေါ်တွင် လိုက်လျောညီထွေစွာလိုက်ပါပြီး နိုင်ငံနှင့် လူမျိုးအကျိုးကို မိမိတို့တတ်ကျွမ်းသည့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်နှင့် ဖော်ဆောင်ပေးကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ အကယ်ဒမီများရှင်ကြည်စိုးထွန်းက ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားမှူးက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီပေးကြသည့် ရွှေကြိုမောင်မယ်များကိုတစ်ဦးချင်း မိတ်ဆက်ပေးသည်။

ထို့နောက် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များထဲမှ ရွေးချယ်ပေးအပ်သော အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုများ (Myanmar Academy Fashion Awards)ကို ပေးအပ်ချီးမြှင့်ရာ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှု အကြီးတန်းဆုကို အကယ်ဒမီခန့်စည်သူ၊ အကောင်းဆုံးအမျိုးသမီး ဝတ်စားဆင်ယင်မှုအကြီးတန်းဆုကို အကယ်ဒမီခင်သီတာထွန်း၊ အကောင်းဆုံးအမျိုးသားဝတ်စားဆင်ယင်မှုကို ဟင်နရီစံ၊ အကောင်းဆုံးအမျိုးသမီးဝတ်စားဆင်ယင်မှုဆုကို ရုပ်ရှင်သရုပ်ဆောင် အိချောပိုတို့က ရရှိကြပြီး အကယ်ဒမီဆုများရှင်ဆွေဇင်ထိုက်က ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားမှူးက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကဲဖြတ်စိစစ်ဆောင်ရွက်မှုနှင့် ဆုများရွေးချယ်သတ်မှတ်မှုများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများပေးအပ်ချီးမြှင့်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်တစ်သက်တာဆုရရှိကြသူများကို ဖွင့်ဖောက်ကြေညာသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအပါအဝင် ရုပ်ရှင်လောကသားအားလုံးက လိုက်လှဲဂုဏ်ယူစွာချီးမြှင့်သည့် ရုပ်ရှင်တစ်သက်တာထူးချွန်ဆု ရရှိကြသော ဒါရိုက်တာအောင်မြင့်မြတ်၊ အကယ်ဒမီနွဲ့နွဲ့စန်းနှင့် အကယ်ဒမီ ဒါရိုက်တာပန်းချီစိုးမိုးတို့ကိုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ထူးချွန်ဆုရရှိကြသူများကကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက်အခမ်းအနားမှူးက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုအကဲဖြတ်စိစစ်ဆောင်ရွက်မှုနှင့်ဆုများရွေးချယ်သတ်မှတ်မှုများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားသည်။



**အကယ်ဒမီဆုများရှင်ဆွေဇင်ထိုက်က အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုရရှိသူ အကယ်ဒမီခန့်စည်သူ၊ အကယ်ဒမီခင်သီတာထွန်း၊ ဟင်နရီစံနှင့် အိချောပိုတို့ကို ဆုများပေးအပ်ချီးမြှင့်စဉ်။**

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွက် ရုပ်ရှင်အတတ်ပညာဆုနှင့်ရုပ်ရှင်အနုပညာဆုများကိုဖွင့်ဖောက်ကြေညာရာ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို **“ကံကောင်း”** ဇာတ်ကားဖြင့် ဝင်းလွင်ထက်၊အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို **“ကံကောင်း”** ဇာတ်ကားဖြင့် ကောင်းဆက်ပိုင်(ဂီတမြို့)၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို **“ဆရာမ(The Teacher)”**ဇာတ်ကားဖြင့် အကယ်ဒမီ ဒါရိုက်တာညီမင်းလွင်၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို **“ကံကောင်း”**ဇာတ်ကားဖြင့် ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေး၊အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို **“စောင်နီလေးတစ်ထည်”** ဇာတ်ကားဖြင့် ဒါရိုက်တာတင်အောင်စိုး(ပန်းမြို့တော်)၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို **“မုန်းခွင့်”** ဇာတ်ကားဖြင့် မေမြင့်မိုရ်၊အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို **“ရည်ရွယ်မိုး”** ဇာတ်ကားဖြင့် နေဝင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို **“ဘယ်တော့မှ အရှုံးမပေးဘူး”**ဇာတ်ကားဖြင့် အကယ်ဒမီများရှင် စိုးမြတ်သူဇာ၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို **“စောင်နီလေးတစ်ထည်”** ဇာတ်ကားဖြင့် အကယ်ဒမီများရှင် ရန်အောင်တို့က ရရှိကြသည်။

ထူးချွန်ဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဝါရင့်အကယ်ဒမီဆုများရှင် အနုပညာရှင်ကြီးများက အကယ်ဒမီရွှေစင်ရုပ်တုများ ပေးအပ်ချီးမြှင့်ကြပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများက ကျေးဇူးတင်စကားပြောကြားကြသည်။

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပစဉ်အတွင်း မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှအနုပညာရှင်များက တေးသီချင်းအကအလှများဖြင့်အလှည့်ကျဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ စာပေ၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် အနုပညာရှင်များကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။

ယခုကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ၂၀၂၃ ခုနှစ်၌ ရုံတင်ပြသခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားပေါင်း ၃၅ ကားကို မြန်မာ့ရုပ်ရှင် ထူးချွန်ဆုစိစစ်အကဲဖြတ်ရေးအဖွဲ့က အဆင့်ဆင့်အကဲဖြတ်ပြီး ယင်းဇာတ်ကားများအထဲမှ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားများကို ရွေးချယ်၍ ထူးချွန်ဆုများပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ်မှအစပြုခဲ့သည့် မြန်မာ့ရုပ်ရှင်၏ သက်တမ်းသည် ၁၀၄ နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေးကိုရှေးရှုပြီး ၁၉၅၂ ခုနှစ်ကစတင်၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေးအကဲအဖြတ်အဖွဲ့သည် မြန်မာ့ရုပ်ရှင်လောကသား ထူးချွန်ထက်မြက်သည့် အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွေးချယ်ကာထူးချွန်ဆုများကိုချီးမြှင့်ခဲ့သည်။

ထူးချွန်ဆုအရေအတွက်ကိုလည်း ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာဆု၊ ၁၉၅၅ ခုနှစ်တွင် အထူးဆု၊ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆု၊ ၁၉၆၂ ခုနှစ်တွင် အမျိုးသားဇာတ်ပို့ဆုနှင့် အမျိုးသမီးဇာတ်ပို့ဆုများကို တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆုများကို ထပ်မံတိုးမြှင့်ချီးမြှင့်ခဲ့သဖြင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ၁၀ မျိုးအထိရှိလာခဲ့ကာ ၁၉၉၄ ခုနှစ်မှစပြီး ရုပ်ရှင်တည်းဖြတ်ဆုကိုပါ ထပ်တိုးချီးမြှင့်ခဲ့သဖြင့် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ ချီးမြှင့်ခဲ့သည်။

၁၉၉၃ ခုနှစ်မှစ၍ ရွှေကိန္နရီရွှေစင်ရုပ်တွင်တပ်ဆင်ထားသည့် ငွေကြယ်အစား နှစ်ကျပ်သားရွှေစင်ကြယ်ကို တပ်ဆင်ချီးမြှင့်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွက် ချီးမြှင့်သည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲမှစ၍ နှစ်ကျပ်သားရွှေစင်ကြယ်အစား ငါးကျပ်သားရွှေစင်ကြယ်သို့ ပြောင်းလဲပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ ရှင်အရဟံ သိမ်နေဝင်ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၁၃၅ ပါးနှင့် ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ဆီးချိုသွေးချို ရောဂါစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## သက်န်းညီနောင်တွင် တပ်မတော်က ပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ ကလေးငယ်တစ်ဦး သေဆုံးပြီး ပြည်သူငါးဦးထက်မနည်း ဒဏ်ရာရဟု မဟုတ်မမှန်သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် ဖေဖော်ဝါရီ ၂ ရက်က သက်န်းညီနောင် စစ်ဗျူဟာနှင့် ရွာသစ်ကုန်းကျေးရွာ အာရှလမ်းပိုင်း၌ တပ်မတော်က ပစ်ခတ်သော လက်နက်ကြီးကျည်ထိမှန်၍ ကလေးငယ် တစ်ဦးသေဆုံးပြီး ပြည်သူ ငါးဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ဖေဖော်ဝါရီ ၂ ရက်တွင် သက်န်းညီနောင် စစ်ဗျူဟာနှင့် ရွာသစ်ကုန်းကျေးရွာတို့တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ KNLA သောင်းကျန်းသူအဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များက တပ်စခန်းများကို အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်မှုကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာအတွင်းသို့ လက်နက်ကြီးများ ကျရောက်ပေါက်ကွဲခဲ့၍ ဒေသခံပြည်သူများထိမှန် သေဆုံးရခြင်းဖြစ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက တပ်မတော်ကပစ်ခတ်သည်ဟု သတင်းမှားများ လုပ်ကြံရေးသားကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၂ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Thant Zin Naing"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရေဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထွန်းပ(အရှေ့)ကျေးရွာနေ သန့်ဇင်နိုင်အား နံနက် ၁၀နာရီခွဲတွင် ပန်းတနော်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

## ကော့ကရိတ်မြို့နယ် မိတန်ရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် စာသင်ကျောင်းနှင့် နေအိမ်များ ထိခိုက်ပျက်စီးဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဖေဖော်ဝါရီ ၁ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကျိုက်ဒုံမြို့အနီး မိတန်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်းကို ပေါင် ၅၀၀ ဗုံး သုံးလုံးဖြင့် လာရောက်ဗုံးကြဲပစ်ခတ်ခဲ့ရာ ကျေးရွာစာသင်ကျောင်းနှင့် နေအိမ်တချို့ ထိမှန်ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်သတင်းများများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စုံစမ်းသိရှိရသော သတင်းများအရ ဖေဖော်ဝါရီ ၁ ရက်တွင် ကော့ကရိတ်မြို့နယ်အတွင်း လေယာဉ်ပျံသန်းမှုမရှိကြောင်းနှင့် တပ်မတော်က အဆိုပါမိတန်ရွာကို ဗုံးကြဲတိုက်ခိုက်သည်ဆိုသည်မှာ သတင်းမှားသာဖြစ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေနိုင်သော အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပဲခူးမြို့ပေါ် လူစည်ကားသည့်နေရာများကို ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိသည့် DSRB အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များအား ၁၀၇ မမရှော့တိုက်ဒုံးများနှင့်အတူ ဖမ်းဆီးရမိ


ဥူးသောဘန(ခ)သာကျော်ဌေး(၃၃)နှစ်


ထက်နောင်နောင်(ခ)နောင်နောင်(၂၈)နှစ်


အောင်နိုင်မျိုး(၄၅)နှစ်


ကျော်ကျော်(၅၄)နှစ်


လှဦး(၅၇)နှစ်


ကေသီ(၅၄)နှစ်(ကျော်ကျော်၏ ဇနီး)

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUGလက်အောက်ခံ Dark Side Revolution Burm-DSRB အမည်ခံအကြမ်းဖက်အဖွဲ့သည် အများပြည်သူများ ပျော်ရွှင်စွာကြည့်ရှုမည့် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည့်ညတွင် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့်နေရာများအား ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ရန်စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ဖေဖော်ဝါရီ ၂ ရက် နေ့လယ်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမာနတ်ခကျေးရွာအနီး ပဲခူး-သနပ်ပင်လမ်းဆုံ၌ ယာဉ်အမှတ် RLG-4563 Nissan March ခဲရောင်မော်တော်ယာဉ်ပေါ်မှ Dark Side Revolution Burma-DSRB အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ထက်နောင်နောင်(ခ)နောင်နောင်၊ အောင်နိုင်မျိုး၊ ကျော်ကျော်၊ လှဦး၊ ကေသီ** နှင့် **ဥူးသောဘန(ခ) သာကျော်ဌေး**တို့ ခြောက်ဦးကို KIAအဖွဲ့မှထုတ်လုပ်သည့် ၁၀၇ မမရှော့တိုက်ဒုံး ၁၀ လုံး၊ စနက်တံ ၁၀ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်နိုင်မျိုး၏ ထွက်ဆိုချက်အရ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ရေတံခါးတာဝကျေးရွာရှိ ၎င်း၏ နေအိမ်ခြံဝင်းအတွင်း၌ လက်နက်၊ ခဲယမ်းများသိမ်းဆည်းထားကြောင်း သိရှိရသဖြင့်လုံခြုံရေးပူးပေါင်းအဖွဲ့ကသွားရောက်ရှာဖွေခဲ့ရာ ၄၀ မမလက်လုပ်ဖုံးပစ်လောင်ချာ တစ်လက်၊လက်လုပ်ရှေ့ထွက်မိုင်း တစ်လုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ငါးဦး၊ မ တစ်ဦးတို့ကို KIA အဖွဲ့မှထုတ်လုပ်သည့် ၁၀၇ မမရှော့တိုက်ဒုံး ၁၀ လုံး၊စနက်တံ ၁၀ ခု၊ ၄၀ မမလက်လုပ်ဖုံးပစ်လောင်ချာ တစ်လက်၊ လက်လုပ်ရှေ့ထွက်မိုင်း တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUGလက်အောက်ခံ Dark Side Revolution Burma-DSRB အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံပြေး **ရှိုင်းဝေ(ခ) RI** က ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်ညတွင် အပြစ်မဲ့ပြည်သူများ ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်ပေါ်စေရန် ရည်ရွယ်လျက် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့်နေရာများအား ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စေခိုင်းခဲ့ကြောင်း၊သိမ်ဇရပ်မြို့အဝင်တွင် ရှိုင်းဝေ(ခ) RIထံမှ ၁၀၇ မမရှော့တိုက်ဒုံးများကိုသွားရောက်ယူဆောင်၍ပြန်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အဆိုပါ ၁၀၇ မမ ရှော့တိုက်ဒုံးများဖြင့် ပဲခူးမြို့ပေါ်ရှိ လူစည်ကားသည့် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်နေရာများကို ပစ်မှတ်ထားပစ်ခတ်ဖောက်ခွဲရန် စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။





ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအနီး ပဲခူး-သနပ်ပင်လမ်းဆုံတွင် တရားခံ ခြောက်ဦးနှင့်အတူ ဖမ်းဆီးရမိသည့် KIA ထုတ် ရှော့တိုက်ဒုံး ၁၀ လုံး၏ မှတ်တမ်းဓာတ်ပုံ။



ဖေဖော်ဝါရီ ၂ ရက်တွင် သနပ်ပင်မြို့နယ် ရေတံခါးတာဝကျေးရွာရှိ တရားခံ အောင်နိုင်မျိုး၏ နေအိမ်ခြံဝင်းအတွင်း သိမ်းဆည်းရမိသည့် လက်လုပ် ၄၀ မမ ဖုံးပစ်လောင်ချာနှင့် ရှေ့ထွက်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။




ဖေဖော်ဝါရီ ၂ ရက်တွင် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအနီး ပဲခူး-သနပ်ပင် လမ်းဆုံတွင် ဖမ်းဆီးရမိသည့် တရားခံ ခြောက်ဦး စီးနင်းလာသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကြိမ်(၂၀)မြောက် မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကျင်းပသွားမည်



**မန္တလေး ဖေဖော်ဝါရီ ၃**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီအကြိမ် (၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲကို မန္တလေးကျုံးနှင့် နန်းမြို့ရိုးကြား၊ ရတနာပုံဥယျာဉ်အတွင်း ၁၂လမ်းနှင့် လမ်း၈၀ကြားနေရာ၌ ဖေဖော်ဝါရီ ၉ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးမြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန် ပြပွဲ၊ ပြိုင်ပွဲကျင်းပမည့်နေရာသို့ရောက်ရှိပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြပွဲ၊ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ပြခန်းများနှင့် ဆိုင်ခန်းများနေရာချထားပေးမှု၊ ပန်းအလှများပုံဖော်စိုက်ပျိုးထားမှုများအား လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လာရောက်ကြည့်ရှုသူများအား စိတ်ကြည်နူးမှုရရှိပြီး မျက်စိပသာဒဖြစ်စေရေး၊ ဆန်းသစ်သည့် ဒီဇိုင်းပုံစံ၊ အရောင်အသွေးစုံညီမှုများဖြင့် ဆောင်ရွက်သွားရေး၊ လုပ်ငန်းများအချိန်မီ ပြီးစီးရေးနှင့် စနစ်တကျဖြစ်စေရေးတို့ကို မှာကြားပြီး လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အပင်အရောင်းဆိုင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ စားသောက်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း၊ မန်းစည်ပင် ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြူးကြွသည့် DJ တီးခတ်မှုများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ပြီး ပျိုးပင်များအခမဲ့ ပေးဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# သရက်ချောင်းမြို့နယ် ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက်ချောင်း ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ကူးကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သရက်ချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်ကူးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို ရန်ပုံငွေကျပ် ၃၂၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကန့်ဘလူခရိုင်တွင် ဆီမုန်ညင်းနှင့်ပန်းနှမ်း ၁၁၇၃၃ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၁၁၇၃၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၁၁၇၆၀ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၁၇၃၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲအသုံးပြုကြပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ပန်းနှမ်းနဲ့ ဆီမုန်ညင်း ၁၁၇၆၀ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ၁၁၇၃၃ ဧကစိုက်ပျိုးပြီးနေပါပြီ"ဟု ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။



ကန့်ဘလူခရိုင်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းမြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်း ၅၇၂ ဧက၊ ပန်းနှမ်း ၅၄၅၁ ဧက၊ ကျွန်းလှမြို့နယ်တွင် ဆီမုန်ညင်း ၄၃၅ ဧက၊ ပန်းနှမ်း ၅၃၁၅ ဧက စုစုပေါင်း ၁၁၇၃၃ ဧက တို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ပန်းနှမ်းနှင့်ဆီမုန်ညင်းစိုက်ပျိုးမှုအနေဖြင့် တစ်နှစ်နှင့် တစ်နှစ်ပုံမှန်စိုက်ပျိုးကြပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ပန်းနှမ်းနှင့် ဆီမုန်ညင်းစိုက်ပျိုးမှုကို ကသာခရိုင်နှင့် ကောလင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# အောင်လံမြို့နယ် မြင်းစုကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**အောင်လံ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများရှိ ဒေသထွက်ကုန်သီးနှံမျိုးစုံကို အချိန်မီဈေးကွက်သို့ ရာသီမရွေး တင်ပို့နိုင်ရန်အတွက် မြင်းစုကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများသည် မြင်းစုကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များကို လုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အောင်လံမြို့နယ် မြင်းစုကျေးရွာတွင် ကုန်ထုတ်လမ်းအရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေကိုးလက်မရှိ ကျောက်ရောမြေနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၂၂၂ သန်းဖြင့် Magway S Three ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၂၅ ရက်က စတင်ဆောင် ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးမှုကြောင့် မြင်းစုကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အိမ်ခြေ ၁၂၇ အိမ်၊ လူ ၄၃၀ ဦးတို့၏ လယ်ယာစိုက်ပျိုးရေး ဧက ၃၀၀ မှ ထွက်ရှိသော ဒေသထွက်ကုန်သီးနှံမျိုးစုံကို ရာသီမရွေးဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# ပုဗ္ဗသီရိမြို့နယ် ကံသာကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် ကံသာကျေးရွာတွင် ကျေးလက် ကုန်ထုတ်လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကံသာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကံသာကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် ၂ ဒသမ ၄၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေကိုးလက်မရှိ မြေသားနှင့်ရိစာခင်းခြင်းလုပ်ငန်းနှင့် Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု မူလခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၄၆၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် မင်းသစ္စာလှိုင်ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ပြောပြ၍ သိရသည်။

**နော်လူး**



# ဖောင်းပြင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၃၂၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၈၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၃၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖောင်းပြင်မြို့နယ်မှာ စပါးဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ စပါး လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၄၅၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၅၃၉၉၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာပေးခြင်း၊ မြေဩဇာကျွေးနည်း၊ သဘာဝမြေဩဇာအသုံးပြုနည်း၊ ပေါင်းရှင်းနည်း၊ ပိုးသတ်ဆေးသုံးနည်း စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ချိုင်းကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားစေရန် ရည်ရွယ်၍ ချိုင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်း၊ တောင်တွင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်တို့က သင်တန်းဆင်း အမှာစကားပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသော မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ ချိုင်းကျေးရွာနှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် အခြေခံစက်ချုပ်နည်းအမျိုးမျိုး၊ အမျိုးသမီးဝတ်နှင့် အမျိုးသားဝတ် အင်္ကျီချုပ်ပုံအမျိုးမျိုးနှင့် ကလေးဝတ် အင်္ကျီချုပ်ပုံအမျိုးမျိုးကို ကျွမ်းကျင်ဆရာမများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၂ ရက်ထိ ၄၅ ရက်ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နွံ့ယဉ်**

# မိုင်းတုံမြို့နယ် နမ့်ပေါ်ချိုကျေးရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နမ့်ပေါ်ချိုကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယု၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်ပေါ်ချိုကျေးရွာတွင် ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ပေါ်ချိုကျေးရွာ၌ အလျား ပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်း၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၃၇၆ သိန်း စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၃၇၆ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

**ချိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၂-၂၀၂၄

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |

**ဓာတ်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၄၀ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# တာဝန်ယူမှု၊ တာဝန်ခံမှုသာရှိကြမည်ဆိုလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

တာဝန်သည်လူတစ်ဦးလုပ်ဆောင်သင့်၊ လုပ်ဆောင်ရမည့်အရာဖြစ်သည်။ လူ့ဘောင်လောကတွင် မိဘတာဝန်၊ သား၊ သမီးတာဝန်၊ ကျောင်းသားတာဝန်၊ တပည့်တာဝန်၊ ဆရာ့တာဝန်၊ ပြည်သူ့တာဝန်၊ အစိုးရတာဝန်စသည်ဖြင့် ကိုယ်စီတာဝန်များအသီးသီးရှိကြသည်။ လူတစ်ဦးသည် မိမိ၏ မူဝါဒ၊ ပြောဆိုရေးသားမှု၊ ဆုံးဖြတ်မှု၊ အရေးယူဆောင်ရွက်မှု၊ ကုန်ထုတ်လုပ်မှု အပါအဝင် လုပ်ဆောင်ချက်မှန်သမျှကို အသိအမှတ်ပြုခြင်းနှင့်တာဝန်ယူခြင်းကို တာဝန်ယူမှု၊ တာဝန်ခံမှု (Accountability)ဟု ယေဘုယျဖွင့်ဆိုနိုင်ပါသည်။ လူတစ်ဦးချင်းစီ၏ အခြေခံကျသော စားဝတ်နေရေးတာဝန်မှသည် နိုင်ငံ့ခေါင်းဆောင်အဆင့်ထိ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုများရှိနေရန် လိုအပ်သည်။

**တာဝန်ယူမှုနှင့်တာဝန်ခံမှု**

လူတစ်ဦးချင်းစီတွင် တာဝန်ယူမှုတာဝန်ခံမှုနှင့် ပတ်သက်၍ အခြေခံအားဖြင့် လိုက်နာရန်လိုအပ်သည့် ဝတ္တရား သုံးရပ်ရှိသည်။ ထိုတာဝန်များမှာ တရားဥပဒေကြောင်းအရ လိုက်နာလုပ်ဆောင်ရသောတာဝန် (Legal Obligation)၊ လူမှုရေးအရ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သောတာဝန် (So-cial Obligation) နှင့် ကိုယ်ကျင့်တရားမြင့်မားမှုကြောင့် မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်သောတာဝန် (Moral Obligation) တို့ဖြစ်ကြသည်။ အဆိုပါ တာဝန်သုံးရပ်အနက် ကိုယ်ကျင့်တရားမြင့်မားမှုကြောင့် မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်သောတာဝန်သည် အမြင့်ဆုံးဖြစ်သည်။

ဥပဒေအရ၊ လူမှုရေးအရလိုက်နာဆောင်ရွက်သည်ထက် လူကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းသည် မြင့်မြတ်သောဂုဏ်ဒြပ်တစ်ရပ်ပင်ဖြစ်သည်။ လူကျင့်ဝတ်လိုက်နာမှုကို သာဓကထုတ်ပြရလျှင် လမ်းပေါ်တွင် အမှိုက်မစွန့်ခြင်း၊ အမှိုက်တွေ့ပါကလည်း ကောက်သိမ်းခြင်း၊ အများသုံး အိမ်သာများတွင် မလိုအပ်ဘဲ ရေပိုက်ခေါင်းများဖွင့်ထားပါက ပိတ်ပေးခြင်းနှင့်မလိုအပ်သော မီး၊ ပန်ကာများကို ခလုတ်ပိတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို လေလွင့်ပျက်စီးမှုမရှိအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများဖြစ်သည်။ အရောင်အသွေးမပါသည့် ပရဟိတလုပ်ငန်းများသည်လည်း မြင့်မြတ်သောလုပ်ဆောင်မှုများဖြစ်သည်။

လူတစ်ဦးသည် မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်သောတာဝန် (Moral Obligation)ကျေပွန်နေပြီဆိုလျှင် တာဝန်ယူမှု၊ တာဝန်ခံမှု (Account-ability) ကို အလိုအလျောက်တည်ဆောက်ထားပြီးဖြစ်သည်။ မိသားစုတစ်စုတွင် မိဘနှစ်ဦးနှင့် သား၊သမီးများစသည့် မိသားစုဝင်အားလုံးသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သည်။ သို့မှသာလျှင် ထိုမိသားစုသည် အောင်မြင်တိုးတက်ကြီးပွားနိုင်မည်ဖြစ်သည်။

**တာဝန်ကိုယ်စီရှိမှု**

ထိုသို့မဟုတ်ဘဲ ဖခင်ဖြစ်သူသည် အလုပ်ကိုလက်ကြောတင်းအောင်မလုပ်ဘဲ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာ၊ မိန်းမတို့ကိုမှီဝဲလိုက်စားနေမည်ဆိုလျှင် မိခင်ဖြစ်သူကလည်း ယောကျ်ားရှာဖွေသမျှ ချွေတာစုဆောင်းမှုမရှိဘဲ အကုန်သုံးဖြုန်းနေမည်ဆိုလျှင်၊ သား၊ သမီးများကလည်း ပညာရေးမှလွဲလျှင် လျှပ်ပေါ်လော်လည်မှုမှန်သမျှကို စိတ်ပါဝင်စားနေမည်ဆိုလျှင် ကိုယ်စီတာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေခြင်းဖြစ်သည်။ အဆိုပါ မိသားစုသည် အကြွေးသံသရာလည်နေမည့် မိသားစုပင်ဖြစ်သည်။

ထိုနည်းတူစွာပင် ရုံး၊ ဌာန၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများတွင်လည်း သူဌေးများနှင့် စီမံခန့်ခွဲသူများမှသည် အောက်ခြေသန့်ရှင်းရေးဝန်ထမ်းထိ တာဝန်ယူမှု၊ တာဝန်ခံမှုများ ရှိရန်လိုသည်။ အမှန်တော့ CEO ကဲ့သို့သော စီမံခန့်ခွဲရသူများသည် မိမိတာဝန်ကိုမသိဘဲ တန်ဖိုးရှိသောအချိန်များကို ဖြုန်းတီးကာ စားလိုက်၊ သောက်လိုက်၊ ဝေဖန်လိုက်နှင့် လုပ်သင့်သည်ကိုမလုပ်ဘဲနေမည်ဆိုလျှင် ထိုကုမ္ပဏီနှင့် အဖွဲ့အစည်းမျိုးသည် ကျရှုံးမှုနှင့်သာ ရင်ဆိုင်ရမည်ဖြစ်သည်။ ရပိုင်ခွင့်များ၊ ခံစားခွင့်များယူထားလျှင် တာဝန်ယူမှု တာဝန်ခံမှုလည်း ရှိရမည်ဖြစ်သည်။ အထူးသဖြင့် အဓိကနှင့်သာမညကို ခွဲခြားနိုင်စွမ်းရှိရန်လိုအပ်သည်။

နိုင်ငံတစ်နိုင်ငံရှိ အုပ်ချုပ်သည့်အစိုးရ၊ ဥပဒေပြုရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံသားများတွင်လည်း တစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၌ တာဝန်ယူမှု၊ တာဝန်ခံမှုများရှိနေရမည်ဖြစ်သည်။ အုပ်ချုပ်သူများကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်သကဲ့သို့ ပြည်သူအပိုင်းကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်လိုအပ်သည်။ ဆိုလိုသည်မှာ အစိုးရသည် ပြည်သူ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်သက်သာချောင်ချိရေးမှန်သမျှကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရန်တာဝန်ရှိသည်။ ပြည်သူအပိုင်းကလည်း ဝင်ငွေခွန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်သည်။

**ယုံကြည်အားကိုးရမှု**

တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောသူများသည် ၎င်းတို့တာဝန်ထမ်းဆောင်နေသော ရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် အထက်၊ အောက်အပြင် ရာထူးတူ၊ အဆင့်တူ လုပ်ဖော်ကိုင်ဖက်များ၏ယုံကြည်အားကိုးမှုကိုပါ လက်ခံရရှိမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ထိုဌာန၊ အဖွဲ့အစည်းသည်လုပ်ငန်းတာဝန်များ အချိန်မီပြီးမြောက်အောင်မြင်မည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့သော လူတစ်ဦး ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုတွင် တစ်ဦးအပေါ်တစ်ဦး အပြစ်ပုံချတတ်သည်။ ထိုအဖွဲ့အစည်းကို ပတ်ဝန်းကျင်မှ ယုံကြည်မှုကင်းမဲ့လာသဖြင့် ကာလရှည်ကြာရပ်တည်နိုင်စွမ်းမရှိဘဲ အဆုံးတစ်နေ့တွင်အရှုံးဖြင့်သာ ရင်ဆိုင်ကြရသည်။

ရုံး၊ ဌာန၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုတွင် ဦးဆောင်စီမံခန့်ခွဲသူသည် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေမည်ဆိုလျှင် လက်အောက်ဝန်ထမ်းများ စိတ်ပျက်အားငယ်မှုဖြစ်တတ်သည်။ အထူးသဖြင့် လုပ်ရဲကိုင်ရဲသည့် စိတ်ဓာတ်ပျောက်ကွယ်လာခြင်း၊ လုပ်ဖော်ကိုင်ဖက်များကြား ယုံကြည်မှုကင်းမဲ့လာခြင်း၊ လုပ်ငန်းတာဝန်အပေါ် စေတနာကင်းမဲ့လာခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်။ အကျိုးဆက်အနေဖြင့် ထိုအဖွဲ့အစည်းသည် ကျရှုံးမည်ဖြစ်သည်။

**လုပ်ငန်းနယ်ပယ်တွင်ကျွမ်းကျင်မှု**

စင်စစ်အားဖြင့် မိမိတာဝန်ယူရသောလုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်နှံ့စပ်မှုမရှိသော အချို့စီမံခန့်ခွဲရသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့လေ့ရှိကြသည်။ တာဝန်ယူမှု၊ တာဝန်ခံမှုတိုးတက်လာစေရန်အဆင့်အလိုက်၊ ရာထူး၊ နေရာအလိုက် လေ့ကျင့်သင်တန်းပေးမှုများ လိုအပ်သည်။ မိမိထမ်းဆောင်နေသောတာဝန်နှင့် လျော်ညီစွာ အသိပညာဗဟုသုတများစဉ်ဆက်မပြတ်ရှာဖွေလေ့ကျင့်နေရန် အထူးလိုအပ်သည်။ ထိုမှတစ်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုအလေ့အကျင့်ကို တည်ဆောက်သွားရမည်ဖြစ်သည်။

**ခံစားခွင့်ပေးမှု**

ထို့ကြောင့် ဝန်ထမ်းများကို အဆင့်တိုင်းတွင် လေ့ကျင့်သင်တန်းပေးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်သည်။ အဆင့်ဆင့်သော တာဝန်ယူမှု၊ တာဝန်ခံမှုတိုးတက်လာစေရန်အတွက် အခြေခံအားဖြင့် သင့်တင့်လျောက်ပတ်သောခံစားခွင့်ပေးထားရန်လိုအပ်သည်။ ဆိုလိုသည်မှာ ဝန်ထမ်းတစ်ဦး၏ လစာ၊ စရိတ်ခံစားခွင့်သည် ခေတ်ကာလကုန်ဈေးနှုန်းကို ကာမိရန်လည်း လိုအပ်ပေသည်။ သို့မှသာလျှင် လုပ်ငန်းတာဝန်များကို အပြည့်အဝဆောင်ရွက်နိုင်မည့်အပြင် အဂတိလိုက်စားမှုများ ကျူးလွန်ခြင်းကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် တာဝန်ခံမှု၊ တာဝန်ယူမှုကင်းမဲ့ခဲ့သဖြင့် တချို့နိုင်ငံတွင် ပြိုကွဲခဲ့ရသည့်ဖြစ်စဉ်များရှိခဲ့သည်။ ထိုသို့ပြိုကွဲခဲ့သည့်နိုင်ငံများအနက် အာဖဂန်နစ္စတန်နိုင်ငံသည် ဆင်းရဲတွင်းနက်နေသည်။ လစ်ဗျားနိုင်ငံသည် ခိုင်မာသောအစိုးရတစ်ရပ်မရှိဘဲ သူပုန်အုပ်စုနှစ်ခုက တိုင်းပြည်ကို နှစ်ခြမ်းခွဲအုပ်ချုပ်နေကြသည်။ အီရတ်နိုင်ငံရှိ ပြည်သူများသည် သွေးထွက်သံယိုသေကျေမှုများကို ကြုံတွေ့နေကြရသည်။ ထိုဖြစ်စဉ်များကို သင်ခန်းစာယူပြီး နိုင်ငံသားတစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်ခံလိုမှုစိတ်ဓာတ်ကို မြှင့်တင်တည်ဆောက်သွားကြရန် လိုအပ်သည်။

ဆိုရလျှင် လူတစ်ဦးချင်းစီတွင်မွေးရာပါရပိုင်ခွင့်များနှင့်တာဝန်ယူမှုတာဝန်ခံရမှုများရှိနေသည်။ ရပိုင်ခွင့်ကို အပြည့်အဝယူထားသကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း ရှောင်လွှဲ၍ မရနိုင်ပါ။ လူတစ်ဦးချင်းစီသည် ကိုယ်စီတာဝန်ကျေပွန်ရန်လိုအပ်သကဲ့သို့ မိမိထမ်းဆောင်သောလုပ်ငန်းတာဝန်ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိနေရန်လည်းလိုအပ်သည်။ အစိုးရနှင့် ပြည်သူတို့သည် မိမိလုပ်ငန်းတာဝန်ကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိနေမည်ဆိုလျှင် ထိုနိုင်ငံတွင် တိုးတက်မှုများ တစ်နေ့တခြားရရှိနေမည်ဖြစ်သည်။

**အဆင့်အတန်းအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှု**

ဝန်ထမ်းများ၏ တာဝန်ခံမှု၊ တာဝန်ယူမှုစိတ်ဓာတ်ကို မြှင့်တင်တည်ဆောက်ရန်အတွက် သင့်တင့်လျောက်ပတ်သောခံစားခွင့်ပေးထားရန် အထူးလိုအပ်သည်။ လက်အောက်ဝန်ထမ်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့သော စီမံခန့်ခွဲသူတစ်ဦးကို ယုံကြည်မှုကင်းမဲ့ကြသည်။ ထိုလူမျိုးသည် ရည်မှန်းချက်ပန်းတိုင်ကို အချိန်မီထမ်းဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ထို့ကြောင့် အဆင့်အတန်းအလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုတည်ဆောက်နိုင်ရန်အတွက် အသိပညာဗဟုသုတရှာဖွေခြင်း၊ လေ့ကျင့်ခြင်း၊ သင်တန်းများတက်ရောက်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တာဝန်ယူမှုနှင့် တာဝန်ခံမှုအားနည်းသည့်အဆင့်ဆင့်သောတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်သူများဖြင့်သာ ပြည်ထောင်စုကြီးကို တည်ဆောက်နေမည်ဆိုလျှင် "ခြင်းကြားနှင့်ရေသယ်၊ အိတ်ပေါက်နှင့် ဖားကောက်" သကဲ့သို့သာဖြစ်နေပြီး ရည်မှန်းချက် ပန်းတိုင်ကိုအလှမ်းဝေးနေဦးမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ နိုင်ငံသားအားလုံးအနေဖြင့် မိမိကျရာအခန်းကဏ္ဍတွင် ရသင့်ရထိုက်သည့်အခွင့်အရေး များ၊ အထူးသဖြင့် နိုင်ငံသားတစ်ယောက်၏ အခွင့် အရေးကို တင်းပြည့်ကျပ်ပြည့်ခံစားနေသကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းကို လည်း ရာနှုန်းပြည့် တာဝန်ယူသွားကြမည်ဆိုလျှင် နိုင်ငံတိုးတက်ရေးအတွက် အကျိုးပြုစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**❖ လူတစ်ဦးချင်းစီတွင် မွေးရာပါရပိုင်ခွင့်များနှင့်တာဝန်ယူမှုတာဝန်ခံရမှုများရှိနေသည်။ ရပိုင်ခွင့်ကို အပြည့်အဝယူထားသကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုကိုလည်း ရှောင်လွှဲ၍ မရနိုင်ပါ။ လူတစ်ဦးချင်းစီသည် ကိုယ်စီတာဝန်ကျေပွန်ရန်လိုအပ်သကဲ့သို့ မိမိထမ်းဆောင်သောလုပ်ငန်းတာဝန်ကို တာဝန်ယူမှုတာဝန်ခံမှုရှိနေရန်လည်း လိုအပ်သည်။ အစိုးရနှင့် ပြည်သူတို့သည် မိမိလုပ်ငန်းတာဝန်ကို တာဝန်ယူမှုတာဝန်ခံမှုအပြည့်ရှိနေမည်ဆိုလျှင် ထိုနိုင်ငံတွင် တိုးတက်မှုများ တစ်နေ့တခြားရရှိနေမည်ဖြစ်သည်။ ❖**

# ညောင်ရွှေမြို့နယ် ကျေးပေါ်ခုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ကျေးပေါ်ခုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဒေါ်ခင်မြတ်မြတ်မူ (ဦးစီးအရာရှိ)၊ ဦးထက်ရန်ပိုင်(အငယ်တန်းအင်ဂျင်နီယာ-၂)၊ စီမံကိန်းတာဝန်ခံ ဦးဟိန်းထက်ကျော်(ဒုတိယဦးစီးမှူး)နှင့် ဝန်ထမ်းများသည် ကျေးပေါ်ခုံကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျေးပေါ်ခုံကျေးရွာတွင် လမ်း အရှည် ပေ ၁၀၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၉ ဒသမ ၅ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူခြောက်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံး



**မနီလာ ဖေဖော်ဝါရီ ၃**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းတွင် ဖေဖော်ဝါရီ ၂ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူခြောက်ဦး သေဆုံးပြီး တစ်ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မင်ဒါနာအိုကျွန်းသည် ဖိလစ်ပိုင်နိုင်ငံ၏ ဒုတိယအကြီးဆုံးကျွန်းဖြစ်ပြီး မင်ဒါနာအိုကျွန်းတွင် ပြီးခဲ့သည့် ရက်သတ္တပတ်ကစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ကာ ဖေဖော်ဝါရီ ၂ ရက်ထိ မြေပြိုကျမှုဖြစ်ပေါ်ခဲ့သော နေရာပေါင်း ၂၃ နေရာထိ ရှိခဲ့ကြောင်း၊ မြေပြိုကျမှု အများဆုံးဖြစ်ပေါ်ခဲ့သော နေရာမှာ မာရာဂူဆန်နယ်မြေနှင့် နယူးဘက်တန်မြို့တို့ဖြစ်ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၁၁၀၀၀ ထက်မနည်းရှိနေကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မာရာဂူဆန်နယ်မြေက တောင်တွေပတ်လည်ဝိုင်းရံနေတဲ့ နယ်မြေဖြစ်ပါတယ်။ ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေလဲ မကြာခဏဖြစ်ပေါ်လေ့ရှိတယ်။ ပြီးခဲ့တဲ့ရက်သတ္တပတ်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မာရာဂူဆန်နယ်မြေနဲ့ နယူးဘက်တန်မြို့ပတ်ဝန်းကျင်မှာ ဖေဖော်ဝါရီ ၂ ရက်ထိ မြေပြိုကျမှု ၂၃ နေရာထိဖြစ်ပေါ်ခဲ့တယ်။ မြေပြိုကျမှုကြောင့် သေဆုံးသူ ခြောက်ယောက်ထိရှိခဲ့ပြီး ပျောက်ဆုံးနေသူ တစ်ယောက်ရှိပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံ အယောက် ၁၁၀၀၀ ထက်မနည်း ရှိနေပါတယ်။ ရေဘေးသင့်ပြည်သူတွေလဲ တော်တော်များပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း မိုးက တောက်လျှောက်ရွာတဲ့အတွက် ဆိုးရွားတဲ့မြေပြိုကျမှုတွေဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်"ဟု ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တူဘလက်က ပြောကြားသွားခဲ့သည်။

ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသောဒေသများမှ မိသားစုပေါင်း ၄၈၄၀ ထိ ရေဘေးသင့်နေပြီး သောက်သုံးရေ ပေးဝေမှုစနစ် ပျက်စီးခဲ့သည့် နယ်မြေနှစ်ခုရှိနေကာ ကယ်ဆယ်ရေးဝန်ထမ်းများက ဒေသခံများအတွက် သောက်သုံးရေများကို လိုက်လံပေးဝေနေရကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဆွစ်ဇာလန်နိုင်ငံရှိ ဒန့်ဒီပိုလီယန်တောင်တွင် ဆီးနှင်းများမရှိတော့ဘဲ သဲကန္တာရအသွင်ဖြစ်နေ

**ဘန်း ဖေဖော်ဝါရီ ၃**

ဆွစ်ဇာလန်နိုင်ငံ ဂျူရာတောင်တန်းရှိ နာမည်ကြီး နှင်းလျှောစီးရာနေရာဖြစ်သော ဒန့်ဒီပိုလီယန်တောင်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆီးနှင်းများမရှိတော့ဘဲ သဲကန္တာရအသွင် ဖြစ်ပေါ်နေကြောင်း ဆွစ်ဇာလန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနဖြစ်သည့် Meteo Swiss က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပုံမှန်အားဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ဒန့်ဒီပိုလီယန်တောင်၌ ပြည်တွင်း၊ ပြည်ပ နှင်းလျှောစီးသမားများဖြင့် စည်ကားလျက်ရှိပြီး လက်ရှိအခြေအနေမှာ ပုံမှန်မဟုတ်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ဆွစ်ဇာလန်နိုင်ငံတွင် ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှုမှာ မြင့်တက်လာသည့်လက္ခဏာဖြစ်ပြီး ပုံမှန်လူစည်ကားနေသည့် ဒန့်ဒီပိုလီယန်တောင်တွင် ခြောက်သွေ့ပြီး သဲကန္တာရအသွင် ဖြစ်ပေါ်နေခြင်းကြောင့် ဆွစ်ဇာလန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှု အခြေအနေမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ဆွစ်ဇာလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက သုံးသပ်ပြောကြားခဲ့သည်။



"လက်ရှိ ဆွစ်ဇာလန်နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ မိုးလေဝသအခြေအနေက ပုံမှန်မဟုတ်တဲ့မိုးလေဝသ အခြေအနေဖြစ်ပါတယ်။ ပုံမှန်အားဖြင့် ဒီကာလတွေမှာ အအေးဓာတ်မြင့်မားလေ့ရှိတယ်။ အရင်ကတည်းက အအေးဓာတ်စံချိန်တင်မြင့်မားတယ်ဆိုတဲ့ မှတ်တမ်းတွေပဲ ရှိခဲ့ဖူးတယ်။ အခု အပူချိန်တွေပဲ ဆက်တိုက်မြင့်တက်နေပြီး နေရာတော်တော်များများမှာ တစ်ခါမှမဖြစ်ဖူးသေးတဲ့အခြေအနေတွေ ဖြစ်ပေါ်နေတယ်။ အအေးဓာတ်မြင့်မားလေ့ရှိတဲ့ကာလမှာ အပူချိန် ၉ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေတာဟာလဲ ရာသီဥတုပြောင်းလဲမှုရဲ့ လက္ခဏာတွေပဲ ဖြစ်ပါတယ်။ လာမဲ့ရက်ပိုင်းအတွင်းမှာ အပူချိန်ဟာ ၁၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ဖွယ်ရှိနေပြီး အပူချိန်အမြင့်ဆုံး ဖေဖော်ဝါရီလနဲ့ ရင်ဆိုင်ရဖွယ် ရှိနေပါတယ်"ဟု Meteo Swiss မှ မိုးလေဝသခန့်မှန်းတိုင်းတာရေးပညာရှင် ခရစ်တိုဖီဆယ်လာမင်က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ချီလီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုဖြစ်ပွားလျက်ရှိ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၃**

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ အပါအဝင် အခြားသောမြို့များတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း ချီလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်သည် ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်ဆုံးအခြေအနေဖြင့် ရင်ဆိုင်နေရသည့်မြို့မှာ ဆန်တီယာဂိုမြို့ဖြစ်ကြောင်း၊ အပူချိန်မှာ လာမည့်ရက်ပိုင်းအတွင်း ဆက်လက်မြင့်တက်ဖွယ်ရှိနေကြောင်းလည်း ချီလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၂ ရက်မှာ အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်မှုကြောင့် ဆန်တီယာဂိုမြို့အပါအဝင် အခြားမြို့တချို့မှာ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အပူချိန်ဟာ ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တယ်။ လာမဲ့ရက်ပိုင်းထိ အပူချိန်ဟာ ဆက်လက်မြင့်တက်နေနိုင်ပါတယ်"ဟု ချီလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်ကာဒါက ပြောကြားခဲ့သည်။

ဆန်တီယာဂိုမြို့တွင် လူဦးရေခြောက်သန်းကျော် နေထိုင်လျက်ရှိပြီး အပူချိန်မြင့်တက်မှုကြောင့် ဆန်တီဂိုယာမြို့ရှိ ပြည်သူများကို မလိုအပ်ဘဲ အပြင်သို့လှုပ်ရှားသွားလာခြင်းမပြုရန် ကျန်းမာရေးဝန်ကြီးဌာနကလည်း သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တူကီယဲ လျှောင်ဒဏ်သင့်ပြည်သူများကို ဥရောပသမဂ္ဂကော်မရှင်က ယူရို ၂၆ သန်း ပံ့ပိုးမည်

**အင်ကာရာ ဖေဖော်ဝါရီ ၃**

တူကီယဲနိုင်ငံ ငလျင်ဒဏ်သင့်ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ယူရို ၂၆ သန်း ပံ့ပိုးမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂကော်မရှင်က ဖေဖော်ဝါရီ ၂ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

ငလျင်ဒဏ် ခံစားခဲ့ရသော တူကီယဲနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် ငလျင်ဒဏ်သင့်ပြည်သူအများအပြားရှိနေကြောင်း၊ အဆိုပါဒေသများတွင် ပညာရေးကဏ္ဍအတွက် ယူရို လေးသန်း အသုံးပြုရန် လျာထားပြီး အခြားအခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်၌ ထည့်သွင်းဖော်ပြထားသည်။

"လွန်ခဲ့တဲ့နှစ်က တူကီယဲငလျင်လှုပ်ခတ်မှုရဲ့ အကျိုးဆက်က ဒီနေ့ထိ သက်ရောက်မှုတွေရှိနေဆဲပါပဲ။ ဥရောပသမဂ္ဂကော်မရှင်က အရေးပေါ်အကူအညီတွေကို ချက်ချင်းတုံ့ပြန်ခဲ့ပါတယ်။ အခုလဲ ၂၀၂၄ ခုနှစ်အတွက် လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်တွေအတွက် ယူရို ၂၆ သန်း ပံ့ပိုးကူညီသွားမှာပါ"ဟု ဥရောပသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုနှင့် အကျပ်အတည်းစီမံခန့်ခွဲမှုကော်မရှင်နာ ဂျက်နက်လန်နာရစ်က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့် တူကီယဲနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများနှင့်အတူရပ်တည်၍ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မှစတင်၍ မိတ်ဖက်အဖွဲ့အစည်း ၂၁ ခုနှင့်စာချုပ်ချုပ်ဆိုထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာစီမံချက်ပေါင်း ၁၀၀ ခန့်အတွက် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးခဲ့ကြောင်း ဂျက်နက်လန်နာရစ်က ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံသည် သဘာဝဘေးဒဏ်သင့်ပြည်သူ ဦးရေ လေးသန်းခန့်ဖြင့် လက်ရှိကမ္ဘာပေါ်တွင် အများဆုံးအခြေအနေသို့ ရောက်ရှိနေပြီး သဘာဝဘေးဒဏ်သင့်ပြည်သူအများစုမှာလည်း ကယ်ဆယ်ရေးစခန်းပြင်ပတွင် နေထိုင်ရလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# နော်ဝေနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်ပြီးနောက် မြေပြိုမှုနှင့် နှင်းတောင်ပြိုကျမှု ဖြစ်ပွားနိုင်

**အော့စ်လို ဖေဖော်ဝါရီ ၃**

နော်ဝေနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်က မုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် ရာသီဥတုအခြေအနေမှာ ဆက်လက်ဆိုးရွားလျက်ရှိသဖြင့် မြေပြိုကျခြင်းနှင့် နှင်းတောင်ပြိုကျခြင်းများ ဖြစ်ပွားနိုင်ကြောင်း နော်ဝေနိုင်ငံအမျိုးသားမိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

နော်ဝေနိုင်ငံတွင် အင်ဂွန်းဟု အမည်ပေးထားသော မုန်တိုင်းသည် ဖေဖော်ဝါရီ ၁ ရက်က နိုင်ငံတောင်ပိုင်းဒေသများ၌ တစ်နာရီလျှင် ၁၁၂ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ ၁၉၉၂ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး မုန်တိုင်းတစ်ခုဖြစ်ခဲ့ပြီး လေယာဉ်ခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရကာ အဆောက်အအုံအမိုးများပျက်စီးခြင်းနှင့် လူထောင်ပေါင်းများစွာ လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

"ပြင်းထန်တဲ့ မုန်တိုင်းအင်ဂွန်း တိုက်ခတ်မှုပြီးဆုံးသွားပေမဲ့ အခုသီတင်းပတ်အစရက်တွေမှာ ရာသီဥတုက ဆက်လက်ဆိုးရွားနေမှာဖြစ်ပါတယ်"ဟု နော်ဝေနိုင်ငံအမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် Eldbjorg Moxnes ကပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုပြီးဆုံးသွားသော်လည်း ရာသီဥတုမှာ ဆက်လက်ဆိုးရွားလျက်ရှိကာ နိုင်ငံမြောက်ပိုင်းဒေသများတွင် လေပြင်းများတိုက်ခတ်နေသကဲ့သို့ နိုင်ငံတောင်ပိုင်း ဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ၂၄ နာရီအတွင်း မိုးရေချိန် ၄ လက်မထိ ရွာသွန်းနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နော်ဝေနိုင်ငံ ရေအရင်းအမြစ်နှင့် စွမ်းအင်ညွှန်ကြားမှုဦးစီးဌာနကလည်း လာမည့်ရက်များအတွင်း နိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အမြင့်ဆုံးအဆင့် နှင်းမုန်တိုင်း သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : AZH**

# ပညာရည်တိုးတက်မြင့်မားဖို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့

ကိုယဉ်ချစ်(မန္တလေး)

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတွေမှာ ပညာတတ်လူငယ်တွေဟာ အဲဒီနိုင်ငံရဲ့ သယံဇာတတွေဖြစ်ပါတယ်။ မိသားစုတိုင်း၊ နေရာဒေသတိုင်း၊ နိုင်ငံတိုင်းမှာ ပညာတတ်တွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါကြောင့် လူငယ်တွေ ပညာသင်ရမဲ့အရွယ်မှာ ပညာသင်ယူကြဖို့ ပထမအရွယ်မှာ ပညာရှာဆိုတဲ့ ဆိုစကားနဲ့ နှိုးဆော်ခဲ့တာဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့အနာဂတ် အကောင်း၊ အဆိုး၊ တိုးတက်မှု၊ ဆုတ်ယုတ်မှုတွေဟာ နိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်အင်အားရှိတဲ့ လူငယ်တွေ ပညာတတ်မြောက်မှုရာခိုင်နှုန်းနဲ့ သက်ဆိုင်နေပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ ပညာရေးရင်းနှီးမြှုပ်နှံမှုတွေကို ဦးစားပေး ဆောင်ရွက်နေကြပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှုတွေက အရင်းအနှီးများပြားပြီး အခုရေတွင်းတူး၊ အခုရေကြည်သောက်ဆိုစကားလို အကျိုးအမြတ်က ချက်ချင်းပြန်မရနိုင်ပါဘူး။

မြန်မာအဘိဓာန်မှာ ပညာဆိုတာ ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်၊ အတတ်လို့အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပညာဆိုတာ ကျောင်းစာသင်ယူတာ တစ်ခုထဲမဟုတ်ပါဘူး။ ကျောင်းစာတွေ သင်ကြားလို့ရတဲ့ ပညာတွေရှိသလို ကြားရတာ၊ မြင်ရတာတွေထဲကလဲ ပညာတွေ သင်ယူနိုင်ပါတယ်။ စာပေတွေဖတ်ရှုလို့လဲရသလို လုပ်ငန်းခွင်ထဲမှာ လုပ်ရင်းကိုင်ရင်းပညာတွေ သင်ယူလေ့လာနိုင်ပါတယ်။ ပညာတတ်ရင် ကိစ္စတစ်ခုအပေါ် အမှန်နဲ့အမှား ဝေဖန်ပိုင်းခြားနိုင်တယ်။ အကောင်းနဲ့အဆိုး၊ အကျိုးနဲ့အပြစ်ကိုလဲ ခွဲခြားဆင်ခြင်နိုင်ပါတယ်။ ကိစ္စတစ်ရပ်၊ ပြဿနာတစ်ရပ်ဖြစ်ပေါ်ရင် အကြောင်းရင်းနဲ့ ဖြေရှင်းနည်းတွေကိုပါ ဖော်ထုတ်ရှာဖွေနိုင်ပါတယ်။ ပြဿနာတစ်ရပ်ရဲ့ အဖြေမှန်ကို ပညာတတ်သူကသာ အလွယ်တကူရှာဖွေနိုင်ပါတယ်။

ပညာကို ယေဘုယျအနေနဲ့ ခွဲခြားကြည့်ရင် အသိပညာနဲ့အတတ်ပညာလို့ တွေ့ရပါမယ်။ အသိပညာဆိုတာ ကြားရ၊ မြင်ရ၊ ဖတ်ရှုလေ့လာရတာတွေပါ။ အသိပညာဟာ ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုဖြစ်ပြီး အသိကိုအခြေခံထားတဲ့ဉာဏ်ကို အသိဉာဏ်လို့ဆိုပါတယ်။ တစ်နည်းပြောရရင် အသိဉာဏ်ဆိုတာ တွေးခေါ်မြော်မြင်တတ်တဲ့၊ ဆင်ခြင်တတ်တဲ့ဉာဏ်ဖြစ်ပါတယ်။

အတတ်ပညာဆိုတာကတော့ နှုတ်မှုစွမ်းရည်၊ လက်မှုစွမ်းရည်တွေဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အတတ်ပညာတွေအခြေခံပြီး လုပ်ကိုင်နေကြသလို လုပ်ငန်းခွင်ထဲက အတတ်ပညာတွေကို ပြန်လည်သင်ယူကြတာလဲရှိပါတယ်။

ပညာတတ်တွေဆိုပေမဲ့ တချို့က အသိပညာမှာ ထူးချွန်ကြသလို တချို့က အတတ်ပညာမှာ ထူးချွန်ကြပါတယ်။ မိမိတတ်မြောက်ထားတဲ့ အသိပညာ၊ အတတ်ပညာတွေကို လုပ်ငန်းခွင်မှာ အသုံးချရပ်တည်နေကြပေမဲ့ တစ်ယောက်ချင်းစီမှာ လုပ်ပုံကိုင်ပုံ၊ လုပ်နည်းလုပ်ဟန်တွေမတူညီကြပါဘူး။ အဲဒီလိုမတူညီမှုတွေကြောင့် အလုပ်တွေမှာလဲ အရည်အသွေး၊ အရည်အချင်းတွေ ကွဲပြားခြားနားသွားပါတယ်။ ကွဲပြားခြားနားမှုတွေကြောင့် ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာတွေလဲဖြစ်ပေါ်ရပါတယ်။ ဒါကြောင့် ပညာဆိုတဲ့ ခွဲခြမ်းသိမြင်နိုင်တဲ့ အသိဉာဏ်ဟာ လူသားတွေကို အဆင့်အတန်းအမျိုးမျိုး ခွဲခြားသတ်မှတ်ပေးတဲ့အရာဖြစ်တာကို သိမြင်နိုင်ပါတယ်။

အသိပညာအတတ်ပညာတွေ တတ်မြောက်ကြတာ၊ အဆင့်အတန်းတွေ ကွဲပြားသွားကြတာတွေရှိပေမဲ့ လူတိုင်း အခြေခံပညာအဆင့်ကစပြီး သင်ယူခဲ့ကြရတာပါ။ လူတိုင်း မူလတန်းပညာစပြီး သင်ရတော့ မြန်မာအက္ခရာ ဗျည်း ၃၃ လုံးထဲက ၂၉ လုံးမြောက် ဝလုံးကို ဘာဖြစ်လို့ အရင်ဆုံးအရေးသင်ရတာလဲလို့ သင်ယူနေစဉ်ကမသိခဲ့ပါဘူး။ မြန်မာအက္ခရာတွေအားလုံးဟာ အဝိုင်းသဏ္ဌာန်တွေချည်းဖြစ်တာကြောင့် ဗျည်းတိုင်းဝိုင်းနေအောင်ရေးတတ်ဖို့နဲ့ လက်ရေးလှအောင်ရေးတတ်ဖို့ ဝလုံးကိုဝိုင်းဝိုင်းလေးရေးတတ်အောင် အခြေခံကစပြီး သင်ခဲ့ရတာပါလားလို့ နောက်မှသဘောပေါက်ပါတယ်။ ဒါပေမဲ့ အတူတူသင်ပေးလိုက်တာချင်းတူပေမဲ့ ခံယူနိုင်မှု၊ တုံ့ပြန်မှုစွမ်းအား မတူညီကြတော့ လက်ရေးလှတဲ့သူကလှ၊ မလှတဲ့သူကမလှ ဖြစ်ကြရတာပါပဲ။

ပညာတွေ ဘယ်ကရသလဲဆိုတော့ လက်ဦးဆရာဖြစ်တဲ့ မိဘနှစ်ပါး၊ ဆရာ (သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ)၊ ပတ်ဝန်းကျင် (မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်)၊ သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေးတွေ၊ လုပ်ငန်းခွင်တွေက ရနိုင်ပါတယ်။ ပညာသင်ကြတဲ့အကြောင်းက အတွေ့အကြုံတွေ၊ အတွေးအကြံတွေကိုသိအောင်၊ မြင်အောင်

❖ ပညာကို ယေဘုယျအနေနဲ့ ခွဲခြားကြည့်ရင် အသိပညာနဲ့အတတ်ပညာလို့ တွေ့ရပါမယ်။ အသိပညာဆိုတာ ကြားရ၊ မြင်ရ၊ ဖတ်ရှုလေ့လာရတာတွေပါ။ အသိပညာဟာ ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုဖြစ်ပြီး အသိကိုအခြေခံထားတဲ့ဉာဏ်ကို အသိဉာဏ်လို့ဆိုပါတယ်။ တစ်နည်းပြောရရင် အသိဉာဏ်ဆိုတာ တွေးခေါ်မြော်မြင်တတ်တဲ့၊ ဆင်ခြင်တတ်တဲ့ဉာဏ်ဖြစ်ပါတယ်။ အတတ်ပညာဆိုတာကတော့ နှုတ်မှုစွမ်းရည်၊ လက်မှုစွမ်းရည်တွေဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အတတ်ပညာတွေအခြေခံပြီး လုပ်ကိုင်နေကြသလို လုပ်ငန်းခွင်ထဲက အတတ်ပညာတွေကို ပြန်လည်သင်ယူကြတာလဲရှိပါတယ်။ ❖

မျှဝေကြတာဖြစ်ပါတယ်။ အဲဒီမျှဝေမှုကိုခံယူတာဟာ သင်ယူလေ့လာတာဖြစ်ပါတယ်။ သင်ယူလေ့လာတော့ တတ်မြောက်လာတယ်၊ မသိတာတွေသိလာတယ်၊ သိလာတဲ့အသိတွေနဲ့ အမှန်နဲ့အမှားကို ခွဲခြားနိုင်လာတယ်။ လုပ်ငန်းခွင်မှာလဲ ရှိပြီးသား အတတ်ပညာထက်ပိုပြီးကျွမ်းကျင်လာတယ်ဆိုတဲ့ ကောင်းကျိုးတွေကို ခံစားကြရပါတယ်။

ပညာမတတ်သူ၊ ပညာမဲ့သူတွေကတော့ အမြင်မှန်ကိုမမြင်နိုင်ဘူး၊ အသိမှန်ကိုမသိနိုင်ဘူး။ အမှန်နဲ့အမှား မခွဲခြားနိုင်ဘူး။ ကိုယ်ပိုင်တွေးခေါ်စဉ်းစားနိုင်တဲ့ပညာမရှိတော့ သူတကာရဲ့နောက်လိုက်ဘဝနဲ့ပဲ ရပ်တည်နေကြရပါတယ်။ ဒါကြောင့် တစ်ဦးချင်းစီဖြစ်ဖြစ်၊ မိသားစုမှာဖြစ်ဖြစ်၊ ကိုယ့်ဒေသရပ်ရွာမှာဖြစ်ဖြစ်၊ နိုင်ငံမှာဖြစ်ဖြစ် ပညာတတ်တွေအများကြီးရှိဖို့ လိုအပ်ပါတယ်။

ပညာတတ်တွေပေါ်ထွက်လာဖို့ အားလုံးပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စာရေးသူတို့ငယ်ငယ်ကတော့ မိဘ၊ ဆရာ၊ ကျောင်းသားဆိုတဲ့ တြိဂံပုံသဏ္ဌာန် ပူးပေါင်းမှုနဲ့ဆောင်ရွက်ကြပါတယ်။ မိဘ၊ ဆရာ ပူးပေါင်း ကလေးပညာကောင်း ဆိုတာနဲ့အညီ အခြေခံပညာအဆင့်ကစပြီး ပညာရေးကို စတင်ဆောင်ရွက်ခဲ့ကြပါတယ်။

မျက်မှောက်ခေတ်မှာ နိုင်ငံတော်ကဦးဆောင်ပြီး မိဘတွေ၊ ဆရာတွေနဲ့လူငယ်တွေပူးပေါင်းမှုနဲ့ ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရမဲ့အချိန်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အသိပညာ၊ အတတ်ပညာပြည့်စုံတဲ့ပညာတတ်တွေ ပေါ်ထွက်လာအောင် အလေးထားဆောင်ရွက်နေတာ လက်တွေ့မြင်တွေ့နေရပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းသား၊ ကျောင်းသူအားလုံး အနည်းဆုံးအလယ်တန်းအဆင့် (KG+9) ပြီးမြောက်ရေးကိုလဲ အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်ကစပြီး အလယ်တန်းပြီးမြောက်အောင်မြင်ပြီးသူတွေ တက်ရောက်သင်ကြားနိုင်မဲ့အခြေခံပညာ (အထက်တန်း) စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာတွေ သင်ယူနိုင်မဲ့ပညာရေးစနစ်ကို ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်နေတာကို သတင်းတွေမှာ ဖတ်ရှုလေ့လာမိပါတယ်။

ထူးချွန်တဲ့ကျောင်းသား၊ ကျောင်းသူတွေပေါ်ထွန်းလာဖို့ လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်ထိဆောင်ရွက်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှာ ခေတ္တရပ်နားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ လူရည်ချွန်စီမံကိန်းအစား ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်းအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ လူရည်ချွန်စီမံကိန်းအမည်နဲ့ ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားခဲ့ရပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထူးချွန်ထက်မြက်တဲ့ကျောင်းသား၊ ကျောင်းသူတွေကို အရည်အချင်းစိစစ်ပြီး နိုင်ငံအသီးသီးကို ပညာတော်သင်တွေ စေလွှတ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်ဆိုတာလဲ သိရှိရပါတယ်။ ဒါကြောင့် ပညာသင်ကြားရုံသာမကပဲ ပညာကို ထူးချွန်ထက်မြက်အောင် ကြိုးစားသင်ယူကြဖို့ လိုအပ်ပါတယ်။

နှစ်စဉ် ဇန်နဝါရီလမှာ ပညာရေးစုံညီပွဲတော်တွေကို တစ်နိုင်ငံလုံး ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိပါတယ်။ ပညာရေးစုံညီပွဲတော်တွေကို (၁) ပညာရေးမြှင့်တင်မှုအစီအစဉ်အရ ကျောင်း၏တိုးတက်ဖြစ်ပေါ်မှုများ၊ အောင်မြင်မှုများကို မိဘပြည်သူများကိုအသိပေးရန်၊ (၂) မိဘ၊ ဆရာ၊ ကျောင်းသား ပိုမိုရင်းနှီးပြီး ပညာရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းပါဝင်မှုပိုမိုမြင့်မားလာစေရန်၊ (၃) မိဘပြည်သူများက ကျောင်းအပေါ် ပိုမိုစိတ်ဝင်စားမှု၊ စေတနာထားလာမှုတို့ဖြင့် ကျောင်းသံယောဇဉ်ပိုမိုတိုးမြှင့်လာစေရန်၊ (၄) မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းမှုဖြင့် ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအောင်မြင်လာစေရန်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပလျက်ရှိတာကိုလဲ ကြားသိမြင်တွေ့နေရပါတယ်။ ပညာရေးစုံညီပွဲတော်တွေမှာ ပညာသင်နှစ်တစ်နှစ်လုံးမှာ ထူးချွန်သူတွေ၊ နေ့ထူးနေ့မြတ်တွေ၊ အထိမ်းအမှတ်အခမ်းအနားတွေမှာ ဆုရရှိသူတွေကို ဆုချီးမြှင့်ကြ၊ ကပြဖျော်ဖြေတင်ဆက်ကြနဲ့ ကျောင်းသားလူငယ်တွေ ပျော်ရွှင်နေကြတာတွေမြင်တွေ့ရပါတယ်။ ပညာရေးစုံညီပွဲတော်ဆိုတာ မိဘ၊ ဆရာ၊ ကျောင်းသားတွေပူးပေါင်းပြီး လူငယ်တွေ ထူးချွန်ထက်မြက်လာအောင် ပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးတာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါ့ပြင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွေမှာ ဖွင့်လှစ်ထားတဲ့လူထုအခြေပြုဗဟိုဌာန(Community Center) တွေမှာလဲ စာဖတ်ဝိုင်း၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲစတဲ့လုပ်ငန်းတွေကို ပညာရေးဌာနနဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပဆောင်ရွက်ပေးနေပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ လူငယ်တွေ ပေါ်ထွက်လာစေဖို့ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ လူငယ်တွေကို ပညာထူးချွန်ထက်မြက်တဲ့ ဉာဏ်ရည်ဉာဏ်သွေးနဲ့ အသိပညာ၊ အတတ်ပညာတွေ တတ်မြောက်တဲ့အမြင်ကျယ်ကျယ်ဖြန့်ကျက်ခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်း စတဲ့ကောင်းမြတ်တဲ့ အရည်အသွေးပိုင်ရှင်တွေထွက်ပေါ်လာစေဖို့ ပြုစုပျိုးထောင်ပေးနေတာလဲဖြစ်ပါတယ်။

မိဘနဲ့ဆရာတွေအပိုင်းကလဲ မိမိတို့သားသမီးတွေကို ထူးချွန်ထက်မြက်တဲ့လူချွန်လူကောင်းတွေဖြစ်လာအောင် ပညာရေးကို အလေးပေးပြုစုပျိုးထောင်ပေးကြရမှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် မိမိတို့ရင်သွေးတွေရဲ့ ပညာရေးဟာ တုံ့ဆိုင်းသွားခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျောင်းသားလူငယ်တွေ အချိန်မပျက် ပညာသင်ကြားနိုင်ရေးကို ဆောင်ရွက်ပေးခဲ့ပါတယ်။ မိဘ၊ ဆရာတွေအနေနဲ့ မိမိတို့သားသမီး၊ တပည့်တွေ ပညာသင်ကြားနိုင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

အလားတူ လူငယ်တွေအနေနဲ့လဲ ပညာကိုတတ်အောင်သင်၊ သင်နေတဲ့ပညာကို ကျွမ်းကျင်အောင်ဆည်းပူး၊ တတ်ထားသလောက်နဲ့ မကျေနပ်သေးဘဲ ပညာတတ်ကြီးတွေ၊ ပညာရှင်ကြီးတွေဖြစ်အောင် အပတ်တကုတ် ကြိုးစားသင်ယူကြရမဲ့အချိန်ကာလဖြစ်ပါတယ်။ ရှေးယခင်ကတည်းက မြန်မာမှုနယ်ပယ်မှာ မိဘကျင့်ဝတ်၊ ဆရာ့ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်ဆိုတာရှိထားပြီးသားပါ။ ဒါကြောင့် မိဘ၊ ဆရာနဲ့ လူငယ်တွေဟာ ကိုယ့်ကျင့်ဝတ်တွေကို ကျေပွန်အောင်ဆောင်ရွက်ကြရင် လူငယ်ပညာတတ်တွေ၊ ပညာရှင်တွေပေါ်ထွန်းလာဖို့ အထောက်အကူဖြစ်စေပါမယ်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်၌ တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေးဆိုတဲ့ ဦးတည်ချက်ကို နိုင်ငံတော်၊ မိဘ၊ ဆရာ၊ လူငယ်တွေနဲ့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရည်တိုးတက်မြင့်မားရေးလုပ်ငန်းတွေကို ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **မြန်မာအဘိဓာန်(တတိယအကြိမ်)၊ မြန်မာစာအဖွဲ့၊ ပညာရေးဝန်ကြီးဌာန**
- **နေ့စဉ်ထုတ်သတင်းစာများ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## လောဘကြီးတဲ့ ပန်းပဲဆရာ

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ပုံပြင်လေးကတော့ "လောဘကြီးတဲ့ပန်းပဲဆရာ" ဆိုတဲ့ ပုံပြင်လေးပါပဲကွယ်။ ဒီပုံပြင်လေးကို ကလေးဖခင်တစ်ယောက်က သူ့သားလေးကို ဒီလိုပြောပြနေတာပေါ့။ ဖခင်ရဲ့နာမည်က ဦးချစ်ဖေလို့ခေါ်ပါတယ်။

ဦးချစ်ဖေဟာ ရွာသာယာမှာနေတဲ့ လယ်သမားကြီးတစ်ယောက်ပေါ့ကွယ်။ လယ်သမားကြီးဆိုပေမဲ့စာတိုပေစတွေ့သမျှကို အကုန်ဖတ်တယ်။ သူဖတ်မှတ်ထားသမျှတွေကို ပြန်လည်ပြောပြဝေငှလေ့ရှိတယ်။ သူအားလပ်တဲ့အခါတိုင်း မူလတန်းကျောင်းသားဖြစ်တဲ့ သူ့သားကို ဗဟုသုတရစရာပုံပြင်လေးတွေ ပြန်ပြောပြတတ်တယ်။

တစ်နေ့ လယ်သမားကြီးက တစ်မိသားစုလုံး ထမင်းစားအပြီး သူ့သားကို "သားဆင်းရဲချင်သလား၊ ချမ်းသာချင်သလား"လို့ မေးလိုက်တယ်။ သူ့သားက ဆင်းရဲတယ်ဆိုတာ အစစအရာရာမပြည့်စုံတာ၊ ချမ်းသာတယ်ဆိုတာ အစစအရာရာပြည့်စုံတာလို့ နားလည်ထားသတဲ့ကွယ်။ ဒါကြောင့် ချမ်းသာချင်ပါတယ်အဖေလို့ဖြေလိုက်ပါတယ်။ အဲဒီအခါ အဖေဖြစ်သူက ချမ်းသာချင်ရင် အတွေးမှန်၊ အလုပ်မှန်နဲ့ ကြိုးစားရတယ်လို့ ပြောပြလိုက်ပါတယ်။

သူ့စကားကို သူ့သားနားမလည်မှန်း လယ်သမားကြီးကသိတယ်။ အခါတိုင်းလဲ သူပြောချင်တဲ့အဓိပ္ပာယ်ကို သူ့သားနားလည်တဲ့ထိ စိတ်ရှည်လက်ရှည်နဲ့ ရှင်းပြတတ်ပါတယ်။

ဒါနဲ့ အဖေဖြစ်သူက ပန်းပဲဆရာတစ်ယောက်အကြောင်းပြောပြမယ်လို့ပြောတော့ သားက ဟုတ်ကဲ့ ပြောပြပါအဖေလို့ပြောပြီး စိတ်ဝင်တစားနားထောင်နေတယ်။ အဖေကဆက်ပြီးပြောတယ် ရွာတစ်ရွာမှာ ပန်းပဲဆရာတစ်ယောက်ရှိတယ်။ သံနဲ့ပတ်သက်တဲ့ ဓား၊ တူးရွင်း၊ တံစဉ်၊ ဘူး၊ ခွက်၊ တောင်းအစုံလုပ်ပြီး ရောင်းတယ်ကွဲ့လို့အစပျိုးလိုက်တယ်။ သားက ပစ္စည်းတွေအစုံလုပ်ရောင်းတော့ ပိုက်ဆံတွေအများကြီးရမှာပေါ့နော်အဖေလို့ မေးလိုက်တယ်။

အဖေက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ပိုက်ဆံတွေတော့ရပါတယ် ဒါပေမဲ့ နှစ်တွေအချိန်တွေသာကြာလာတယ် သူမှန်းသလောက် ချမ်းသာမလာဘူးလို့ ပြောလိုက်တော့ သူ့သားကအံ့ဩသွားတယ်။ ဒါကြောင့် ဘာဖြစ်လို့လဲ အဖေလို့ အလောတကြီးမေးလိုက်တယ်။ ပစ္စည်းအရည်အသွေးပြည့်ဝအောင် လုပ်ရတဲ့အတွက် အရင်းအနှီးငွေပိုကုန်ပြီး အမြတ်ကျန်တာနည်းလို့တဲ့ကွယ်လို့ ရှင်းပြလိုက်တယ်။



ဒီလိုနဲ့ ပန်းပဲဆရာက အရင်းအနှီးနည်းနည်းနဲ့ အမြတ်ပိုကျန်မဲ့နည်းကို စဉ်းစားတယ်လို့ သူ့သားကို ပြောပြလိုက်တယ်။

ပန်းပဲဆရာက အရင်းအနှီးနည်းဖို့၊ ပစ္စည်းရဲ့အရည်အသွေးကို မသိမသာလျှော့ဖို့ စဉ်းစားသတဲ့ကွယ်။ ဘယ်လိုမသိမသာလျှော့တာလဲအဖေလို့ သားက မေးတော့ ဥပမာပြောရရင် သူလုပ်တဲ့ ဘူး၊ခွက်၊ တောင်းတွေကို အရွယ်နည်းနည်းသေးပြီး လုပ်တာမျိုးပေါ့။ ရောင်းချတော့ အရင်ဈေးနှုန်းအတိုင်းပဲရောင်းတယ်။ ဒီလိုနဲ့ အမြတ်အစွန်းတွေပိုကျန်လာတာပေါ့ကွယ်လို့ ပြောပြပါတယ်။ အမြတ်ငွေတွေပိုရတော့ ချမ်းသာလာတာပေါ့နော် အဖေလို့ သားကပြောတဲ့အခါ မဟုတ်ဘူးကွဲ့ သူထင်သလို ပိုချမ်းသာမလာဘဲ မိသားစုစီးပွားရေးက ဒုံရင်းအတိုင်းပဲဖြစ်နေတယ်လို့ ပြောပြလိုက်တယ်။

လယ်သမားကြီးရဲ့သားက မမျှော်လင့်တဲ့စကားကို ထပ်ကြားရလို့ အဖြစ်မှန်ကို ပိုပြီးသိချင်သွားပါတယ်။ ဒါနဲ့မဆိုင်းမတွဘဲ ငွေပိုရပေမဲ့ ဘာကြောင့်ပိုချမ်းသာမလာတာလဲ အဖေလို့ မေးပါလေတော့တယ်။

ပန်းပဲဆရာက ပြဿနာရဲ့အဖြေနဲ့ ပုံပြင်ရမဲ့အကြောင်းရင်းကိုရှာတယ်။ အဲဒီမှာ သူသတိထားမိတာက သူ့အိမ်က ကလေးတွေအတွက် ဝယ်တဲ့ မုန့်တွေ၊ ဆန်တွေ၊ ပဲတွေဟာ အရင်လောက် ကြာကြာ မစားရဘဲ ခဏခဏကုန်နေတာပါပဲ။ သူ့ဇနီးကလဲ အရင်က တစ်နေ့တစ်ခါပဲ ဈေးဝယ်ထွက်ရပေမဲ့ အခုတော့ တစ်နေ့ နှစ်ခါ၊ သုံးခါထွက်ပြီး ဈေးဝယ်နေသတဲ့ကွယ်။

ပန်းပဲဆရာက သူ့ဇနီးကို အရင်ကလို တစ်နေ့တစ်ခါပဲဈေးဝယ်ဖို့၊ ငွေလျှော့သုံးဖို့ ပြောသတဲ့။ အဲဒီအခါ အရင်ကလို တစ်ခါဝယ်ရုံနဲ့ မလောက်ငကြောင်း ခင်ပွန်းပန်းပဲဆရာကို ပြောပြလိုက်တယ်။ဒါနဲ့ ပြဿနာရဲ့အဖြေကိုရှာဖို့ ပန်းပဲဆရာကိုယ်တိုင်ဇနီးနဲ့ဈေးလိုက်ဖို့ဆုံးဖြတ်လိုက်တယ်။ ဈေးရောက်တဲ့အခါ ဈေးသည်တွေရဲ့ရောင်းချပုံကိုကြည့်ပြီး မထင်မှတ်တဲ့အရာကို တွေ့လိုက်တယ်။ ဘာတွေ့တာလဲဆိုတော့ ဆန်၊ ပဲနဲ့ အစားအသောက်တွေကို သူ့အရွယ်အစားလျှော့လုပ်ထားတဲ့ဘူး၊ ခွက်၊ တောင်းတွေနဲ့ ခြင်တွယ်ရောင်းချနေကြတယ်ဆိုတာပဲကွဲ့။ အဲဒီအခါကျမှ သူ့အိမ်မှာ အစားအသောက်တွေ အရင်ထက် ဘာကြောင့်မြန်မြန်ဆန်ဆန်ကုန်သလဲဆိုတာသိသွားတယ်။ ဒါကြောင့် သူပိုရသမျှငွေတွေလဲ အိမ်စားသောက်စရိတ်ပိုကုန်တာနဲ့ပဲကုန်သွားတယ်လို့ ပြောပြတယ်။ အဲဒီတော့မှ ကိုယ်လုပ်တာ ကိုယ်ပြန်ခံရတာပေါ့နော်လို့ သားဖြစ်သူက သူ့အဖေကိုမေးတယ်။ လယ်သမားကြီးလဲ သားရဲ့အမေးကိုသဘောကျပြီး မှန်တာပေါ့။ ချမ်းသာချင်တဲ့လောဘကြောင့် သူလုပ်ခဲ့တဲ့အလုပ်က ရတဲ့အကျိုးအမြတ်တွေ အလကားဖြစ်သွားတာပေါ့ကွယ်လို့ ပြောလိုက်ပါတော့တယ်။

လယ်သမားကြီးပြောတဲ့ ပန်းပဲဆရာအကြောင်းကို နားထောင်ပြီး သားဖြစ်သူက ဆင်ခြင်စရာအသိတစ်ခုရခဲ့တယ်။ လူတိုင်း တိုးတက်ကြီးပွားချင်ရင် အလုပ်ကိုကြိုးစားလုပ်ကိုင်ရမယ်။ ဒါပေမဲ့ မိမိကိုယ်ကျိုးကိုသာကြည့်ပြီး မတော်လောဘနဲ့မမှန်မကန် မလုပ်သင့်ဘူးဆိုတာပဲ ဖြစ်ပါတယ်ကွယ်။

ကလေးတို့လဲ ဒီလောဘကြီးတဲ့ပန်းပဲဆရာပုံပြင်ထဲကပန်းပဲဆရာလို အလုပ်လုပ်တဲ့နေရာမှာ ကိုယ်ကျိုးအတွက်ချည်း အမြဲတွေးတောလုပ်ကိုင်နေလို့ မဖြစ်ဘူးကွဲ့။ လူတွေဟာ အသင်းအဖွဲ့၊ အစုအပေါင်းနဲ့ နေထိုင်ကြတာမို့ ကိုယ်ကျိုးနဲ့အများအကျိုးကိုပါ စဉ်းစားချင့်ချိန်လုပ်ကိုင်ကြရမယ်ဆိုတာ နားလည်ထားရပါမယ် ကလေးတို့ရေ။

**ညွန့်ဝင်း(နတ်တလင်း)**

## စုံညီပွဲတော် တို့နွဲပျော်

♦ ပညာသင်ကြား တစ်နှစ်တာ
တို့များကျောင်းတော်မှာ၊
ထူးချွန်ပညာ မောင်မယ်များ
ချီးမြှင့်လို့ မြှောက်စား။

♦ ဆရာ၊ ကျောင်းသား မိဘတွေ
တက်ရောက်စုံညီပေ၊
အက၊ အလှတွေနဲ့ ဧည့်ခံနွှဲ
တို့ကျောင်းစုံညီပွဲ။
နှစ်စဉ်ကျင်းပမြဲ။ ။

**မောင်စိုးငွေ(ကသစ်မြေ)**



## ကူညီမယ်

♦ သက်ကြီးရွယ်အို ဘိုးဘွားများကို
ရိုသေလေးစား ကူညီမယ်။

♦ အတူရှိစဉ် ကရုဏာထား၍
လိုအပ်သည်များ ဖြည့်ပေးမယ်။

♦ မသိနားမလည် မေးလာငြားက
ချိုသာစကားဖြင့် ဖြေပါမယ်။

♦ တရားဘာဝနာ ပွားနိုင်ရေးလည်း
အချိန်ပေး၍ လမ်းပြမယ်။

♦ တစ်နေ့အိုမှာ သတိတရားဖြင့်
ကိုယ်ချင်းစာထား ပြုစုမယ်။
ပြုစုမယ်. . . ပြုစုမယ်။ ။

**သန်းမြင့်ဝေဝေ(ယောမြေ)**



## ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်း



ဒေါက်တာဗိုလ်လေးနေအေးသည့် ကောဇာဂြိုဟ်စီးဂြိုဟ်မြင် သုတေသနကျမ်းကို မြဝတီစာပေတိုက်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

မြန်မာဗေဒင်ပညာလောကတွင် ဗေဒင်ဆရာများ၏ သည်းခြေကြိုက်နည်းစနစ်တစ်ခုမှာ ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ဖြစ်ပါသည်။ ယင်းနည်းစနစ်အား ဗေဒင်ဆရာတိုင်းလိုလို ကြိုက်နှစ်သက်ကြသော်လည်း ယနေ့အထိ စနစ်တကျစီစဉ်သုတေသနပြုလုပ်ကာ ပြုစုထားသော စာအုပ်ကောင်းတွေ့၍ တစ်အုပ်မှမရှိခဲ့ပေ။ တစ်ပိုင်းတစ်စပေါ်ရုံမှတစ်ပါး ပြည့်စုံသောကျမ်းများ ပေါ်ထွက်မလာခဲ့ခြင်းကား ဗေဒင်ပညာရပ်အတွက် လိုအပ်သောကွက်လပ်ကြီးပင်ဖြစ်ပါသည်။

ယင်းလိုအပ်နေသောကွက်လပ်ကြီးအား ဆရာကြီးဒေါက်တာဗိုလ်လေးက အနှစ်နှစ်အလလ လက်တွေ့လေ့လာသုတေသနပြုပြီး ဤစာအုပ်ကို ပြုစုခဲ့ပါသည်။ ဤစာအုပ်ကိုဖတ်လျှင် ကောဇာဂြိုဟ်စီးဂြိုဟ်မြင်နည်းစနစ်ကို လက်တွေ့နားလည်သွားမည့်အပြင် လက်တွေ့ဟောကာပေါင်း နှစ်ရာ ခုနစ်ဆယ်ကျော်ကိုလည်း လေ့လာပြီးသားဖြစ်ပေမည်။

ထို့ပြင် ကုန်ဘောင်မင်းဆက် ၁၁ ပါးလုံး၏ဇာတာများကို ကွန်ပျူတာနှင့်တွက်ချက်ပြီး ကြိုတင်ဟောကာတွဲပေးထားခြင်းကား ဤစာအုပ်၏ အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင်ဖြစ်ပါသည်။

ဤစာအုပ်ကို စာကောင်းပေမွန်များ စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိသည့် မြဝတီစာပေတိုက်က ၂၀၂၂ ခုနှစ် မတ်လတွင် ရိုက်နှိပ်ထုတ်ဝေသွားမည်ဖြစ်ပြီး တန်ဖိုးမှာ ၃၅၀၀ ကျပ်ဖြစ်ပါသည်။

ကြိုတင်မှာယူလိုပါက မြဝတီစာပေတိုက် ဖြန့်ချိရေး ဖုန်း ၀၉ ၃၂၃ ၉၈၇ ၂၄ သို့ မှာယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၀၉ (ရုံးချိန်အတွင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့





# ယခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေ



**ရန်ကုန် ဖေဖော်ဝါရီ ၃**

ယခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘော ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေလွယ်ကူ ချောမွေ့စေရေးအတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ဝင်ထွက်ကြသည့် အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောကြီးများ ဘေးကင်းလုံခြုံစွာ ဝင်ထွက်ဆိုက်ကပ်နိုင်ရေးနှင့် ကုန်တင်၊ ကုန်ချလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ပေးနေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောကြီးများ လစဉ်ဝင်ထွက်ဆိုက်ကပ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ယခုနှစ် ဖေဖော်ဝါရီလအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘော ၁၅ လိုင်းမှ ကုန်သေတ္တာတင်သင်္ဘော ၅၃ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဆောင်ရွက်မှုများအရ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ MAERSK ASIA သင်္ဘောလိုင်းမှ သင်္ဘောခြောက်စီး၊ COSCO သင်္ဘောလိုင်းမှ သင်္ဘောခြောက်စီး၊ SAMUDERA သင်္ဘောလိုင်းမှ သင်္ဘော ခြောက်စီး၊ CMACGM သင်္ဘောလိုင်းမှ ငါးစီး၊ SITC သင်္ဘောလိုင်းမှ ငါးစီး၊ M.S.C သင်္ဘောလိုင်းမှ လေးစီး၊ BLPL သင်္ဘောလိုင်းမှ သုံးစီး၊ EVER GREEN သင်္ဘောလိုင်းမှ သုံးစီး၊ ONE သင်္ဘောလိုင်းမှ သုံးစီး၊ R.C.L သင်္ဘောလိုင်းမှ သုံးစီး၊ Ti2 CONTAINER သင်္ဘောလိုင်းမှ သုံးစီး၊ INTER ASIA သင်္ဘောလိုင်းမှ နှစ်စီး၊ P.I.L သင်္ဘောလိုင်းမှ နှစ်စီး၊ BAY သင်္ဘောလိုင်းမှ တစ်စီးနှင့် LAND AND SEA သင်္ဘောလိုင်းမှ တစ်စီး ဝင်ရောက်ဆိုက်ကပ်ရန် ဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သတင်းများအရ သိရသည်။ (၃၃၆)

# မင်းဘူးမြို့နယ် မကျီးပင်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မကျီးပင်ကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါလမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၃ ဒသမ ၇၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မကျီးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၄၂ ဒသမ ၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၃၁ ဒသမ ၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၄၈ ဒသမ ၈ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ် ဦးကို ငွေကျပ် သုည ဒသမ ၅၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၃ ဒသမ ၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ခင်မာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family






နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇






## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ပလိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၀က၊ ဦးပိုင်အမှတ်(၂၁)(၂၂)ဧရိယာ ၅. ၁၇အနက်မှ (၂. ၅၆)ဧကအား မူလပိုင်ရှင်ဖြစ်သူ ဒေါ်ဝ(ဘ-ဦးဘဘ)၉/စကတ(နိုင်)၀၃၂၂၂၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်နောင်စိုး (၁၃/ကမန(နိုင်)၀၁၆၄၁၆)သည် ၂၄-၆-၂၀၁၃ ရက်နေ့ကတည်းက လက်ရောက်ရယူထားခဲ့ပြီး ယင်း ၂. ၅၆ ဧကအနက်မှ ကွင်းအမှတ်(၂၀-က)အင်းလှား ဦးပိုင်အမှတ် ၂၂ ဥယျာဉ်မြေအမျိုးအစား ၁. ၂၈ ဧကအား အခြားနည်းသုံးစွဲခွင့်ရရှိကာ ဦးသက်နောင်စိုး တစ်ဦးတည်းသာ ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်လျက်ရှိသောမြေဖြစ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ မသက်ဆိုင်ကြောင်း၊ အဆိုပါမြေများနှင့်ပတ်သက်၍ အကျိုးခံစားခွင့်၊ စီမံခန့်ခွဲခွင့်၊အမည်ပြောင်းဆောင်ရွက်ခွင့်များသည် ဦးသက်နောင်စိုး တစ်ဦးတည်းသာ စီမံဆောင်ရွက်ခွင့်ရှိသော မြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတိုက်ကြည်**
LL.B:D.B.L:D.L(101):C.B.S:C.HR.M

**ဒေါ်သန္တာလင်း**
LL/M:LL.B:D.B.L:D.I.L

**ဦးကျော်စိုးဝင်း**
LL.B

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၁၇၈)မင်းရဲကျော်စွာလမ်း၊ရန်အောင်မြင်ရပ်ကွက်၊စဉ့်ကိုင်မြို့။ ၀၉-၄၀၂၅၆၁၄၉၄

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကံရွာနတ်စဉ်ကုန်း၊ Grade-8 တွင် ပညာသင်ကြားနေသော မောင်ဝင်းနောင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကိုလှိုင်ဖြစ်ပါကြောင်း။ **ဦးကိုလှိုင်(၉/မလန(နိုင်)၁၅၈၅၄၄)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ မိတ်ခွယ် (၂) ရပ်ကွက်၊ ရှောင်ဝိုင်းကျေးရွာနေ အေးတင် (ဘ) ဦးအိုက်ဆန် (၉/မကန(နိုင်)၀၈၆၅၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-214173) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၈၅၂၀၂၇၀၀၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မောင်သန့်ဇင်ထွန်း(ဘ)ဦးခင်မောင်ဝင်း (၉/အမဇ(နိုင်)၀၅၀၈၃၈)နှင့်မောင်သန့်စင်ထွန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်သန့်ဇင်ထွန်း(ခ)မောင်သန့်စင်ထွန်း**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၌ လူမှုရေးတွင် ပညာရေးနှင့် ကျန်းမာရေးပါဝင်...

❖ ထို့ကြောင့် ပြည်သူများ ပညာရည်တိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်သွားရမည်ဖြစ်...

❖ အလားတူ ပြည်သူများအားလုံး ကျန်းမာရေးကောင်းမွန်နေစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။**



SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO. TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com


BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ